# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၄၅)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၉-၈-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး




နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး**

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump၊ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Dr. Md. Monwar Hossain၊ ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem၊ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia၊

စာမျက်နှာ ၃ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

**ယနေ့ ဖတ်စရာ အညွှန်း**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း — စာမျက်နှာ ၃

မိုးရာသီနှင့်ဆိုလာစွမ်းအင် (ဆောင်းပါး) — စာမျက်နှာ ၆

ဆွန်ဟောင်မင် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းတွင် ကျောနံပါတ် (၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည် — စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဓလ**

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၉ ရက်၊ စနေနေ့။
မန္တလေး

## အရည်အသွေးကောင်း လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံ့စီးပွားရေးတွင် စိုက်ပျိုးရေးသည် အခြေခံမောင်းနှင်အား ဖြစ်သည့်အတွက် စက်မှုလယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေးသည် နိုင်ငံအတွက် မရှိမဖြစ်အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဆင့်ဆင့်သောလုပ်ငန်းစဉ်များရှိသည့်အနက် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လုပ်သား လိုအပ်မှုအနည်းဆုံးဖြင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်မည့်နည်းလမ်းကို အထူးအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ လယ်ယာသုံးစက်ကိရိယာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများကို ဖိတ်ခေါ်ပြီး ယင်းကုမ္ပဏီများမှ ရောင်းချသည့်လယ်ယာသုံးစက်ကိရိယာများ၏ စွမ်းရည်ကို လက်တွေ့မောင်းနှင် ထွန်ယက်သရုပ်ပြရှင်းလင်းမှုများ ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ဆွဲကောက်စိုက်စက် အပါအဝင် လယ်ယာသုံး စက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

လက်ဆွဲကောက်စိုက်စက်များ၊ အစေ့ချစက်များနှင့် ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်းဖြင့် လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်ကာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်သီးနှံထုတ်ကုန်များ ထွက်ရှိလာနိုင်မည် ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို သတ်မှတ်၍ စနစ်ကျစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များတွင် ပါဝင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစားစက်မှုလုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်လျက်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် MSME လုပ်ငန်းရှင်များ အချင်းချင်း လိုအပ်ချက်များ အပြန်အလှန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက စက်မှုလယ်ယာ အပြည့်အဝလွှမ်းခြုံနိုင်ရန် စက်ပစ္စည်းကိရိယာ လိုအပ်ချက်စာရင်းနှင့် ထုတ်လုပ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ နည်းပညာပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်ကာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်သီးနှံထုတ်ကုန်များထွက်ရှိလာရေးအတွက် အရည်အသွေးကောင်းမွန်ပြီး ပေါ့ပါးခိုင်ခံ့သည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ လိုက်လံ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ဝင်များသည် ဆေးရုံအတွင်း ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

*-*-*-*-*-*

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင် ရောင်းချပေးခဲ့ သည်။ (အပေါ်ဓါတ်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရပ်နားထားမည်ဖြစ်ပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## စားအုန်းဆီများကို သက်သာသောနှုန်းထားဖြင့် အိမ်တိုင်ရာရောက် စတင်ရောင်းချပေး

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်အတွင်းရှိ နေရာသုံးနေရာတွင် စားအုန်းဆီများ စတင်ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သိရသည်။

စားအုန်းဆီများကို သက်သာသောနှုန်းထားဖြင့် အိမ်တိုင်ရာရောက်ရောင်းချခြင်း အစီအစဉ် ပထမနေ့တွင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ နေရာသုံးနေရာဖြစ်သည့် ၅၄လမ်း၊ ၁၀၅ လမ်းထောင့် (အောင်ပင်လယ်ရပ်ကွက်ရုံး)၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ ၁၁၀လမ်း(အောင်သာယာရပ်ကွက်ရုံး)၊ ၅၅လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၊ (မြရည်နန္ဒာရပ်ကွက်ရုံး) တို့တွင် ဆီပိဿာချိန် ၈၀၀ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ပူးပေါင်းကာ ပြည်သူများအနေဖြင့် စားအုန်းဆီများကို သက်သာသော နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အိမ်တိုင်ရာရောက်ရောင်းချပေးခြင်းဖြစ်သည်ဟု စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စားအုန်းဆီများကို သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်ရန် ဩဂုတ် ၈ ရက်မှ ၁၇ ရက်ထိ၊ မန္တလေးမြို့အတွင်းရှိ သတ်မှတ်ထားသည့် နေရာများတွင် နေ့စဉ် ပိဿာချိန် ၈၀၀ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*-*

*-*-*-*-*

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၈၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် အဘ ဦးကြီးမောင်၊ အမိ ဒေါ်ကြည်တို့မှ မန္တလေးမြို့၌ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်၍ ၁၉၇၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့နောက် တာဝန်ကျရာတပ်ဌာနချုပ်အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူးတာဝန်နှင့် စစ်ဦးစီးဗိုလ်မှူးချုပ်တာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်တာဝန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အမှတ်(၅)စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပထမလွှတ်တော်သက်တမ်းကာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် တာဝန်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒုတိယလွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ(၁)တာဝန်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုင်ငံတော်အားအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလမှ ကွယ်လွန်ချိန်အထိ ယာယီသမ္မတတာဝန်ကိုလည်းကောင်း ထမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအား ညမနား စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော် စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတံဆိပ်၊ မိုင်းယန်း/မဲသဝေါတံဆိပ်၊ စစ်မှုထမ်းကောင်း တံဆိပ်၊ သင်္ဂဟတံဆိပ်၊ သရေစည်သူဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့များကို ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းအပြင် အစိုးရအဆက်ဆက် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မြောက်မြားစွာသောကော်မတီ အရပ်ရပ်တွင်လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သက်ဌေး၊ သမီး ဒေါ်ခင်သက်ထားဆွေနှင့် သားဗိုလ်ကြီး ကျော်ဘုန်းမြင့်(ငြိမ်း)တို့ ကျန်ရစ်ခဲ့သည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



☆ ရှေ့ဖုံးမှ

ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. CHENG Manith၊ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် အစ္စရေးသံရုံးယာယီတာဝန်ခံ Mrs. Ruth Zakh၊ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade နှင့် ဟိုလီဆီးသံရုံး ယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary တို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Dr. Md. Monwar Hossain က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. CHENG Manith က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဟိုလီဆီးသံရုံးယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက အသစ်ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေရာဌာနအသစ်တွင် စတင်ဆောင်ရွက်ရသည့်အတွက် ကြုံတွေ့နိုင်သည့် အခက်အခဲများအပေါ် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးကိုမျှော်မှန်းပြီး စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် ပိုင်းဝန်းကြိုးပမ်း ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ပြောင်းရွှေ့မှု၊ နေထိုင်သွားလာမှုနှင့် သင်ကြားရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် စနစ်တကျစီမံထားပြီးဖြစ်ကြောင်းနှင့် လိုအပ်ချက်ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ သင်ကြားရေး ဆရာ ဆရာမများ၊ စီမံနှင့်ရုံးလုပ်ငန်းဆိုင်ရာဝန်ထမ်းများက အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်ချက်များ စီမံဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့အကြား လူမှုရေးမူဝါဒ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး(ရှေးဦးကာလလေ့လာသင်ယူမှု) လုပ်ငန်းအစီအစဉ် (Work Plan)များ လက်မှတ်ရေးထိုး၍ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ ဝန်ကြီးဌာနနှင့် UNICEF တို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၈

မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် လျာထားခဲ့သည့် လုပ်ငန်းအစီအစဉ် ၂၅ ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေးဖွဲ့စည်းထားသည့် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အသေးစိတ်ချမှတ်ထားရှိကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လျာထားခဲ့သည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားဟောင်းများက ဆောင်ရွက်ပြီးစီးမှုများနှင့် အကြံပြုချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငဖဲမြို့နယ်၌ နှမ်းနမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီး

ငဖဲ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် နှမ်းသီးနှံများစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နှမ်းနမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီး တင်းပေါင်း ၁၂၇၃၃ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ နှမ်းသီးနှံများ စိုက်ပျိုးရာသီတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စမုန်နက် ၄၂၇ ဧက၊ ဆင်းရတနာ-၁၂၃၈၅ ဧကနှင့် သိပ္ပံနှမ်းနက် ၆၃၀ ဧက စုစုပေါင်း ၁၄၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စမုန်နက်နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်မျိုးများကို အများဆုံး စိုက်ပျိုးကြကာ အဆိုပါနှမ်းခင်းများကို ဇူလိုင်လအတွင်း စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၄၂ ဧက အပြီးသတ်ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ရိတ်သိမ်းပြီးစီးခဲ့သည့် နှမ်းနမ်း စမုန်နက် ၄၂၇ ဧက တွင် တစ်ဧကလျှင် ၈ ဒသမ ၆၄ တင်းနှုန်းဖြင့် ၃၆၉၀ တင်း၊ ဆင်းရတနာ-၁၂၃၈၅ ဧကတွင် တစ်ဧကလျှင် ၉ ဒသမ ၁၄ တင်းနှုန်းဖြင့် ၃၅၂၀ တင်း၊ သိပ္ပံနှမ်းနက် ၆၃၀ ဧကတွင် တစ်ဧကျင် ၈ ဒသမ ၇၇ တင်းနှုန်းဖြင့် ၅၅၂၃ တင်း စုစုပေါင်း နှမ်းနမ်း ၁၂၇၃၃ တင်း ထွက်ရှိကြောင်း၊ စမုန်နက် နှမ်းတစ်တင်းလျှင် ငွေကျပ် နှစ်သိန်းခုနစ်သောင်း ငါးထောင်နှင့် ဆင်းရတနာ-၁၂ နှမ်းတစ်တင်းလျှင် ငွေကျပ် တစ်သိန်းတစ်သောင်း ကျပ်နှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

ယခုနှစ် နှမ်းနမ်းသီးနှံစိုက်ပျိုးကြရာတွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် တစ်ဧကအထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသော မျိုးကောင်းမျိုးသန့်နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ နှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး စနစ်တကျရိတ်သိမ်းခြွေလှေ့ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မယု(ငဖဲ)



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း ၂၀ အား ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



### ကြည့်ရှုစစ်ဆေး

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံ မှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant/ official Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်း ပေးအပ်သည်။

ထို့အတူ မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တောင်အာဖရိကနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသားငါးဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရန် အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၁၀၁ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နောင်ချိုမြို့ တောင်ရပ်ကွက် နယ်မြေ(၃) အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၈

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အလုပ်သမား ဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရေး၊ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း အပြည့်အဝ ရရှိစေရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ( Certificate of Identity– CI ) ထုတ်ပေးရေး လုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံ စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီနှင့် ချင်းမိုင်တို့တွင် စခန်းလေးခု ဖွင့်လှစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်မှ စတင် ဆောင်ရွက်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ စခန်းများဖွင့်လှစ် ဆောင်ရွက် ပေးလျက်ရှိရာ ထိုင်းစံတော်ချိန် နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့နှင့် မြန်မာသံရုံး (ဗန်ကောက်မြို့)မှ သတ်မှတ်ထားသော ရုံးပိတ်ရက်များကို အလုပ်နားရက်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပွင့်ဖြူ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဌာန၏ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ပွင့်ဖြူမြို့ ဒေလီယာလမ်း အရှည်ပေ ၅၄၀ ပေအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်က တာဝန်ရှိသူများက လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းအား ဌာန၏ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၈ သန်းဖြင့် လမ်းအကျယ် ၁၆ ပေ၊ လမ်းအမြင့်ထု ၈ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ဌာနမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့် ထံမှ သိရသည်။

(၄၄၅)

# မိုးရာသီနှင့် ဆိုလာစွမ်းအင်

မောင်မောင်စွယ်စုံထွန်း

(၅-၈-၂၀၂၅)ရက် စာမျက်နှာ-(၆)မှအဆက်

ဆိုလာပြားများက အများအားဖြင့် Arrays (သို့မဟုတ်) Systems ဟုခေါ်သော အုပ်စုများဖြင့် စီစဉ်ကြသည်။ Photovoltaic စနစ်တွင် ဆိုလာပြားတစ်ခု(သို့မဟုတ်)တစ်ခုထက်ပိုသော ဆိုလာပြားများ၊ DC လျှပ်စစ်အား Alternating Current (AC) လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးသည့် အင်ဗာတာတစ်ခုနှင့် တစ်ခါတစ်ရံတွင် ထိန်းချုပ်ကိရိယာများ၊ မီတာနှင့် ခြေရာခံကိရိယာများကဲ့သို့သော အခြားအစိတ်အပိုင်းများ ပါဝင်သည်။ အဝေးထိန်းအိမ်များ (သို့မဟုတ်) အခန်းတွင်းများကဲ့သို့သော နေရာများကို လျှပ်စစ်ဓာတ်အားပေးရန် (သို့မဟုတ်) လျှပ်စစ်ဓာတ်အားလိုင်းသို့ ပြန်ပို့ပေးရန် Photovoltaic စနစ်အား အသုံးပြုနိုင်သည်။ ၎င်းကို Grid-connected Photovoltaic System ဟုခေါ်သည်။

ဆိုလာပြားများ၏ အားသာချက်အချို့မှာ ပြန်လည်ပြည့်ဖြိုးမြဲနှင့် သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်ကို အသုံးပြုခြင်း၊ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် လျှပ်စစ်မီတာခများ လျှော့ချခြင်းတို့ ဖြစ်သည်။ အချို့သော အားနည်းချက်များမှာ နေရောင်ခြည်ရရှိမှုနှင့် ပြင်းထန်မှုပေါ်မူတည်၍ ပြုပြင်ထိန်းသိမ်းမှုနှင့် သန့်ရှင်းရေးလုပ်ရန်လိုအပ်ပြီး ကနဦးကုန်ကျစရိတ် မြင့်မားခြင်းကြောင့်ဖြစ်သည်။ ဆိုလာပြားများကို လူနေ၊ စီးပွားဖြစ်၊ စက်မှုလုပ်ငန်း ရည်ရွယ်ချက်များအပြင် အာကာသနှင့် သယ်ယူပို့ဆောင်ရေး အသုံးချမှုများအတွက်ပါ ယခုအခါ တွင်ကျယ်စွာ အသုံးပြုလာကြသည်။

မိုးရာသီတွင်ဖြစ်ပေါ်တတ်သော မုန်တိုင်းကြောင့် မော်တော်ကားများ၊ နေအိမ်များနှင့်အတူ ဆိုလာပြားများပါ သိသိသာသာ ပျက်စီးမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ဆိုလာပြားများကို ခိုင်ခံ့စွာ တပ်ဆင်ရန်လည်းလိုအပ်သည်။ အလားတူ မိုးသီးများကျရောက်ခြင်းသည်လည်း ဆိုလာပြားများကို ပျက်စီးစေနိုင်သော်လည်း အလွန်ရှားပါး ဖြစ်ခဲလှပါသည်။ ဆိုလာပြားအများစုသည် မိုးသည်းခြင်းအပါအဝင် ပြင်းထန်သော ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားကြလေ့ရှိသည်။ အရည်အသွေးမြင့် Panel များသည် ပြင်းထန်သော မုန်တိုင်းများတွင် အဖြစ်များလေ့ရှိသည့် အမြန်နှုန်း တစ်နာရီ မိုင် ၅၀ မှ ၆၀ အထိ အမြန်နှုန်းရှိသော မိုးသီးများကိုပင် ခံနိုင်ရည်ရှိကြသည်။ သို့ရာတွင် အလွန်ပြင်းထန်သော မုန်တိုင်းများတွင် အဖြစ်များသည့် တစ်လက်မထက်ကြီးသော မိုးသီးများသည် ဆိုလာပြားများကို ပျက်စီးစေနိုင်သည်။ သို့သော်လည်း ၎င်းသည် မုန်တိုင်း၏ ပြင်းထန်မှု၊ မိုးသီးများ၏ အရွယ်အစားနှင့် ပေါင်ကိုထိသည့် ထောင့်အပေါ်မူတည်သည်။ ဆိုလာပြားများသည် အကြမ်းခံသော်လည်း ပိုကြီးသော မိုးသီးများ၏ သက်ရောက်မှုသည် ရှားပါးသော ဖြစ်ရပ်ဖြစ်သော်လည်း ဆိုလာမှန်ချပ်များကို ကွဲအက်သွားစေနိုင်သည်။ မိုးသီးများသည် ဆိုလာပြားများကို ခြိမ်းခြောက်နိုင်သော်လည်း ပျက်စီးမှုအတိုင်းအတာမှာ မိုးသီးများ၏ အရွယ်အစားနှင့် အရှိန်အဟုန်ပေါ်တွင် များစွာမူတည်ပါသည်။ ဆိုလာပြားများကို ရာသီဥတုဒဏ်ခံနိုင်ရန် ဒီဇိုင်းထုတ်ထားသော်လည်း ပြင်းထန်သော အခြေအနေများသည် ပျက်စီးမှုဆီသို့ ဦးတည်စေနိုင်သည်။

အထူးသဖြင့် အချင်း တစ်လက်မထက် ပိုကြီးသော မိုးသီးများသည် ဆိုလာပြားများ၏ ဖန်သားပြင်တွင် အက်ကွဲမှုများ ဖြစ်စေနိုင်ခြင်းကြောင့်ဖြစ်သည်။ သေးငယ်သော အက်ကွဲကြောင်းများရှိလျှင်ပင် ဆိုလာဆဲလ်များဆီသို့ နေရောင်ခြည်ရောက်ရှိမှု ပမာဏကို လျှော့ချနိုင်သောကြောင့် Panel ၏ စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ပါသည်။ ရှားရှားပါးပါးကိစ္စများတွင် မိုးသီးများသည် သိသိသာသာ အင်အားပြင်းပါက ၎င်းသည် Panel ၏ အတွင်းပိုင်းအစိတ်အပိုင်းများကို ပျက်စီးစေပြီး လုပ်ဆောင်နိုင်စွမ်းကိုပါ ထိခိုက်ဆုံးရှုံးစေသည်။ သို့ဖြစ်ရာ ဆိုလာပြားများတာရှည်ခံမှုအတွက် စမ်းသပ်စစ်ဆေးမှုများကို မကြာခဏ ပြုလုပ်ထားသင့်ပါသည်။ Methacrylate ခေါ်သောအလွှာသည် ဆိုလာပြားများ၏ မျက်နှာပြင်ပေါ်သို့ ဖျန်းပေးနိုင်သော ဖောက်ထွင်းမြင်ရသော အကာအရံတစ်မျိုးဖြစ်သည်။ ၎င်းသည် အက်ကြောင်းများ(သို့မဟုတ်)အခြားပျက်စီးမှုများကို ကာကွယ်ရန် ကူညီပေးသည့် မိုးသီးဒဏ်မှ ကာကွယ်ရန် အပိုအလွှာတစ်ခုအနေဖြင့် ထောက်ပံ့ပေးသည့်အတွက် ဆိုလာအသုံးပြုသူများ အသုံးပြုသင့်ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ဆိုလာပြားအများစုသည် နေ့စဉ်ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားကြလေ့ရှိပြီး သင့်လျော်သောကြိုတင်ကာကွယ်မှုများဖြင့်သာ ပျက်စီးမှုအန္တရာယ်ကို သိသိသာသာ လျှော့ချနိုင်သည်။ စံနှုန်းများနှင့်ကိုက်ညီသော ဆိုလာပြားများကို ရွေးချယ်ခြင်း၊ အကာအကွယ် အကာအရံများ အသုံးပြုခြင်းကဲ့သို့သော အစီအမံများကို လုပ်ဆောင်ထားခြင်းဖြင့်လည်း ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ပြီး မိုးရေသည် သာမန်အားဖြင့် ဆိုလာမျက်နှာပြင်ကို ပိုမိုသန့်ရှင်းစေနိုင်၍ မိုးရာသီတွင် ဆိုလာပြားများသည် စွမ်းရည်များစွာ ကျဆင်းမှုမဖြစ်စေဘဲ ဓာတ်အားဆက်လက်ရရှိနိုင်ပါသဖြင့် ဆိုလာစွမ်းအင်ကိုသာ ရွေးချယ်အသုံးပြုသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။







## ဆင်ပေါင်ဝဲမြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ဆင်ပေါင်ဝဲ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက မွေးကင်းစမှ အသက်တစ်နှစ်ခွဲ အထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)(ပထမအကြိမ်)၊ လေးလအရွယ် ကလေးငယ်များကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို (ဒုတိယအကြိမ်)၊ ပိုလီယိုကာကွယ်ဆေး ထိုးဆေး(တစ်ကြိမ်)၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လတွင် (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလတွင် ဂျပန်ဦးနှောက်ရောင်(တစ်ကြိမ်)၊ ဝက်သက်-ဂျိုက်သိုး (ပထမ) အကြိမ်နှင့် အသက်တစ်နှစ်ခွဲတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဩဂုတ် ၈**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နန်းရှေ့ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဦးအောင်တင်အား ရည်စူး၍ အလှူရှင် မန္တလေး၊ ၈၄လမ်း၊ ၃၅ လမ်းနှင့် ၃၆လမ်းကြား၊ အမှတ်(၂၉၇)နေ ဒေါ်တင်တင်ရီ မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က ၆၂ လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံ အလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(အောက်ဝဲပုံ)




ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံ အလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂၊ ၀၉-၄၅၈၈၈၄၄၈၁ တို့သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

တံတားနှင့် လမ်း ၊ ဆေးခန်းနှင့် ကျောင်း ၊
ဆည်မြောင်းနှင့် ကန် ၊
သစ်ပင်ရုံမှ သဘာဝန်လှပ ပန်းရလိမ့် ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## RM ကို မီဒီယာများက Person of The Week အဖြစ် သတ်မှတ်ခံရ



BTS အဖွဲ့ခေါင်းဆောင် RM (ခေါ်)Kim Nam Joon ကို အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်းတေးဂီတဆု သုံးဆု အနက် တစ်ဆုရရှိခဲ့၍ ကိုရီးယား မီဒီယာများက Person of The Week အဖြစ် သတ်မှတ်ခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

RM သည် BTS အဖွဲ့ဝင်အဖြစ်ရော၊ တစ်ကိုယ်တော်အနုပညာရှင်အဖြစ်ပါ အမေရိကန်မြူးဇစ်ဆုဖလားကို ရရှိခဲ့သည့် ပထမဆုံးကေပေါ့ပ်အနုပညာရှင်ဖြစ်ခဲ့ပြီး မေလတွင် ထွက်ရှိထားသည့် သူ၏ဒုတိယမြောက် တစ်ကိုယ်တော်အယ်လ်ဘမ် Right Place, Wrong Person က အကောင်းဆုံးအယ်လ်ဘမ်အဖြစ် ရွေးချယ်ခံရကာ UK တွင် 2025 Shak Music Video Awards၌ အကောင်းဆုံးဂီတ၊ ဗီဒီယိုအကောင်းဆုံး RNB ဂီတဆု အကြိုက်ဆုံးအနုပညာရှင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

RM ကို ဗြိတိန်ဘုရင်ကြီးချားလ်စ်၊ ဂျီဆူမီတို့နှင့်အတူ ကိုရီးယားမီဒီယာများက ဖော်ပြပေးထားကာ Person of The Week အဖြစ် သတ်မှတ်သည်။ **(SKY)**

********

## Johnny Depp နှင့်တွဲ၍ အော်စကာဆန်ခါတင်ဝင်ခဲ့သူ Leonardo Dicaprio

ဟောလိဝုဒ်အနုပညာရှင် Johnny Depp နှင့်တွဲ၍ ကလေးသရုပ်ဆောင်ဘဝတွင် အော်စကာဆန်ခါတင်ဝင်ခဲ့သူမှာ Leonardo Dicaprio ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက် ၁၉ နှစ်သား အော်ဒီဇင် လူငယ်လေးအဖြစ် Leonardo Dicaprio ပါဝင်ထားပြီး Johnny Depp နှင့်တွဲ၍ ပါဝင်ထားကာ အော်စကာဆန်ခါတင်ဝင်ခဲ့သည်။

ဖခင်မရှိသည့် မိသားစုတွင် မိသားစုတာဝန်ကို အစ်ကိုကြီးက တာဝန်ယူခဲ့ပြီး အော်ဒီဇင်ညီငယ်လေးကို သွားလေရာခေါ်သွား၍ စောင့်ရှောက်ပေးခဲ့ရာမှ ညီအစ်ကိုနှစ်ဦးသံယောဇဉ်၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် ရင်ဆိုင်ဖြတ်သန်းခဲ့ကြပုံကို ရိုက်ကူးထားသည်။

နာမည်ကြီး အနုပညာရှင်များဖြစ်လာကြပြီး နှစ်ဦးအတူတစ်ကားထဲ ပါဝင်ထားကာ အော်စကာ ဆန်ခါတင်ဝင်ခဲ့ခြင်း ဖြစ်သည်။ **(SKY)**





## မထင်မရှားဇာတ်ပို့မှ ထိပ်တန်းအနုပညာရှင် ဖြစ်လာခဲ့သူ Harrison Ford

ဟောလိဝုဒ်နာမည်ကျော်အနုပညာရှင် Harrison Ford သည် မထင်မရှားဇာတ်ပို့ဘဝမှ ထိပ်တန်းအနုပညာရှင်ဖြစ်လာခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Harrison Ford သည် ၁၉၄၂ ခုနှစ်တွင် ချီကာဂိုဖွား အမေရိကန်လူမျိုးဖြစ်ပြီး ၁၉၆၀ ပြည့်လွန်မှ သရုပ်ဆောင်လောကသို့ ခြေချခဲ့ကာ ရုပ်သံနှင့် ရုပ်ရှင်ကားများ၌ မထင်မရှားဇာတ်ပို့နေရာမှ ပါဝင်၍ မိသားစုအတွက် လက်သမားလုပ်ခဲ့ရသည်။

ဒါရိုက်တာ ဂျော့ချ်လူကပ်စ်၏ အိမ်တံခါးပြင်ပေးရာမှ American Graffiti တွင် စတင်သရုပ်ဆောင်ခဲ့ပြီး Star Wars; အပိုင်း(၄) A New Hope တွင် အောင်မြင်မှုရခဲ့ကာ Raiders of The Last Ark တွင် အင်ဒီရာနာဂျုံးစ်အဖြစ် လူကြိုက်များခဲ့ပြီး ဇာတ်ကား ငါးကားနှင့် ဝင်ငွေမြင့်မားကာ ထိပ်တန်းအနုပညာရှင်ဖြစ်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် The Dial or Destiny 2023 ၌ နောက်ဆုံးအကြိမ် အသက်(၈၀) နှစ်နှင့် ပါဝင်သရုပ်ဆောင်ခဲ့သည်။ **(SKY)**

## Wang Yibo ၏ သမိုင်းဝင် စံချိန်သစ် ရေးထိုးနိုင်ခဲ့ခြင်း အကြောင်းအရင်းရှိ

တရုတ်အနုပညာရှင် Wang Yibo ပါဝင်ထားသည့် ဇာတ်လမ်းတွဲ၊ ရုပ်ရှင်များမှာ သမိုင်းဝင် စံချိန်သစ်များ ရေးထိုးနိုင်ခဲ့ပြီး အမြင့်ဆုံးဖြစ်ခဲ့ခြင်းမှာ အကြောင်းအရင်းရှိကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Wang Yibo ၏ War of Faith Drama ကို အနုပညာရှင်များစွာက ပယ်ချခဲ့ကြရာ လူကြိုက်နည်းသည့် သရုပ်ဆောင်ဟုဆို၍ မရိုက်ရဲခဲ့ကြ၊ ရင်းနှီးမြှုပ်နှံသူမရှိ ဖြစ်ခဲ့ရသည်။




ခက်ခဲသောဇာတ်ရုပ်ကို Wang Yibo က ပိုင်နိုင်စွာ သရုပ်ဆောင်မည်ဆို၍ ရင်းနှီးမြှုပ်နှံသူများက ချက်ချင်းရောက်ရှိလာကြကာ ဇာတ်ကားလည်း အောင်မြင်ခဲ့ပြီး ဒါရိုက်တာက အပိုင်း(၂) ဆက်ရိုက်ရန်ပင် စီစဉ်ထားသည်။

Wang Yibo ၏ The Untamed ဇာတ်ရုပ်ကိုလည်း သရုပ်ဆောင်များစွာက သရုပ်မဆောင်ရဲ၍ လက်လွှတ်ခဲ့ရာမှ ပါဝင်ခဲ့ကာ သမိုင်းစံချိန်သစ် ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ **(SKY)**

## Black Pink မှ Lisa ၏ တစ်ကိုယ်တော်ဂီတ Alter Ego အတွက် ဖြေရှင်းနေရ

ဘလက်ပင့်ခ်အဖွဲ့ဝင် Lisa ၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် Alter Ego ကို Album Leak နှင့်ပတ်သက်၍ သူ၏ကုမ္ပဏီ LLOUD ဘက်မှ တရားဝင်စာထုတ်၍ ဖြေရှင်းနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lisa ၏ အဆိုပါဂီတ Album ကိစ္စနှင့်ပတ်သက်၍ သူ၏ကုမ္ပဏီ LLOUD က အမြန်ဆုံးဖြေရှင်းမှုလုပ်နေကြောင်း၊ အသိပေးသည့်အတွက် ပရိသတ်ကို ကျေးဇူးတင်ကြောင်း၊ လက်ရှိ RCA နှင့်လက်တွဲ၍ ယင်းကိစ္စကို အမြန်ဆုံးရှာဖွေသွားရန်နှင့်




အရေးယူမှုများလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသည်။

Lisa က ယင်းအယ်လ်ဘမ်တွင် သူ့ကို ဗီလိန်ဇာတ်သွင်း၍ ပြစ်တင်ဝေဖန်နေသူများကို တကယ့်ရူးသွပ်သည့် ဗီလိန်အသွင်နှင့် သရုပ်ဆောင်ပြထားပြီး ကြိုးစားထားသည်ကို တွေ့ကြရသည်။ လက်ရှိ Lisa သည် The White Lotus Family တွင် သရုပ်ဆောင်စွမ်းရည်ပြသထားသည်။ **(SKY)**



## ဩစတြေးလျ၌ တိုက်တေနီယမ်သတ္တုစပ်များထက် သုံးပုံတစ်ပုံခန့် ပိုမိုဈေးသက်သာသော သုံးဘက်မြင်ပုံနှိပ် တိုက်တေနီယမ်ပစ္စည်းအသစ် တီထွင်

ဩစတြေးလျနိုင်ငံရှိ အာအမ်အိုင်တီတက္ကသိုလ်မှ အင်ဂျင်နီယာများသည် ပုံမှန်တိုက်တေနီယမ်သတ္တုစပ်များထက် သုံးပုံတစ်ပုံခန့် ပိုမိုဈေးသက်သာသော ကုန်ကျစရိတ်ရှိသည့် သုံးဘက်မြင်ပုံနှိပ်တိုက်တေနီယမ်ပစ္စည်းအသစ်ကို မကြာသေးမီက တီထွင်ခဲ့ကြသည်။

အဆိုပါတက္ကသိုလ်မှ သုတေသီများသည် လက်ရှိတွင်တွင်ကျယ်စွာ အသုံးပြုနေသော တိုက်တေနီယမ်သတ္တုစပ်များထက် ကုန်ကျစရိတ် ၃၃ ရာခိုင်နှုန်းခန့် သက်သာသည့် သုံးဘက်မြင်ပုံနှိပ်စက်များအတွက် တိုက်တေနီယမ်ပုံစံအသစ်ကို ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်သည်။

သုတေသီများသည် ကုန်ကျစရိတ်များမြင့်တက်လာသည့် ဗန်နာဒီယမ်ကို ဈေးပိုသက်သာပြီး ပိုမိုလွယ်ကူစွာရရှိနိုင်သည့် အခြားဒြပ်စင်များဖြင့် အစားထိုးအသုံးပြုခဲ့ကြသည်။

၎င်းတို့၏ ဆန်းသစ်သောနည်းလမ်းကို နေးချားဂျာနယ်တွင် အသေးစိတ်ဖော်ပြထားပြီး အဆိုပါသတ္တုစပ်ကို အာကာသနှင့် ဆေးဘက်ဆိုင်ရာကိရိယာများကဲ့သို့သော ကဏ္ဍများတွင် အသုံးပြုနိုင်ရန် စီးပွားဖြစ် ဖြစ်နိုင်ခြေများကို အဖွဲ့က ရှာဖွေနေသည်နှင့်အမျှ ထိုတက္ကသိုလ်က မူပိုင်ခွင့်လည်း ယာယီတင်သွင်းထားကြောင်း သိရသည်။ **(SCI)**




## Marked Men အမေရိကန်အချစ်ဇာတ်လမ်းဖြစ်

ဟောလိဝုဒ်အနုပညာလောကမှ ထွက်ရှိလာသည့် အမေရိကန်အချစ်ဇာတ်လမ်း Marked Men တွင် တက်တူးပညာရှင်နှင့် ဆေးကျောင်းသူလေးအကြောင်း ရိုက်ကူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အတူကြီးပြင်းခဲ့ကြသည့် ငယ်သူငယ်ချင်းနှစ်ဦးအနက် တစ်ဦးက တက်တူးပညာရှင်ဖြစ်ခဲ့ပြီး တစ်ဦးက ဆေးကျောင်းသူလေးဖြစ်လာကာ နှစ်ဦးသား ခံစားချက်များဖြစ်တည်လာပြီး အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာခဲ့သည်။

တက်တူးပညာရှင်လူငယ်လေး၏ ခပ်မိုက်မိုက်သရုပ်ဆောင်မှုများနှင့် ဆေးကျောင်းသူလေး၏ ချောမောလှပနူးနူးညံ့ညံ့တို့ကြားမှ ပေါက်ဖွားလာသည့် အချစ်ကို ပုံဖော်ပြသထားရာ ပရိသတ်များ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ခံစားခဲ့ရသည့် ၂၀၂၅ ခုနှစ်ထွက် အမေရိကန် အချစ်ဇာတ်ကားတစ်ကား ဖြစ်ခဲ့သည်။ **(SKY)**

# အပစ်အခတ်ရပ်စဲရေး တည်တံ့စေရန် ထိုင်းနှင့်ကမ္ဘောဒီးယား ကြိုးပမ်းဆောင်ရွက်မည်

ကွာလာလမ်ပူ ဩဂုတ် ၈

ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေးတည်တံ့စေရန် ကြိုးပမ်းဆောင်ရွက်ရေးအတွက် သဘောတူခဲ့ကြကြောင်း သိရသည်။

ဩဂုတ် ၄ ရက်တွင် စတင်ကျင်းပခဲ့သည့် ဆွေးနွေးပွဲသည် ဩဂုတ် ၇ ရက်တွင် ပြီးဆုံးကာ နှစ်နိုင်ငံတာဝန်ရှိသူများအကြား အထက်ပါအတိုင်း သဘောတူခဲ့ကြသည်။

ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မလေးရှားနိုင်ငံကဦးဆောင်သည့် အာဆီယံ တာဝန်ရှိသူများပါဝင်သည့်အဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ကျင်းပသည့် ၎င်းဆွေးနွေးပွဲသို့ ထိုင်းနှင့် ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးများ အပါအဝင် အမေရိကန်နှင့် တရုတ်နိုင်ငံများမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးမှုများအတွင်း နှစ်ဖက်ကြားဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရန် သဘောတူခဲ့ကြသည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက နယ်စပ်ဒေသတွင် အေးချမ်းမှုများပြန်လည်ရရှိမည်ဖြစ်ကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ပုံမှန်ပြန်လည်ရရှိမည်ဟု ထိုင်းနိုင်ငံ ယာယီကာကွယ်ရေးဝန်ကြီး နတ်တာပွန်နတ်ဖနခ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိရေးအတွက် အပြုသဘောဆောင်သည့် လုပ်ငန်းများကို




ထိုင်း၊ မလေးရှားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး တီးဆီဟာက ပြောကြားသည်။ ဆွေးနွေးမှုများကို တစ်လအတွင်း ထပ်မံဆောင်ရွက်ရန် နှစ်ဖက်ကြား သဘောတူခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# စတော့ရှယ်ယာများ၏ အမြတ်အစွန်းတိုးတက်မှုကြောင့် ဂျပန် တိုပစ်စတော့အညွှန်းကိန်း စံချိန်တင်မြင့်တက်လာ

တိုကျို ဩဂုတ် ၈

ဂျပန်နိုင်ငံ၏ တိုပစ်စတော့အညွှန်းကိန်းသည် ဩဂုတ်စရက်က စိတ်ပိုင်းဆိုင်ရာ အမှတ် ၃၀၀၀ ကို သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်ခဲ့ပြီး ဆော့ဖ်ဘဏ်အုပ်စုကဲ့သို့သော စတော့ရှယ်ယာများ၏ အမြတ်အစွန်း တိုးတက်မှုကြောင့် ကုမ္ပဏီ၏ စတော့ဈေးနှုန်းမှာလည်း ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




ထိုအညွှန်းကိန်းသည် ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ အထိ အမြင့်ဆုံး ၁ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာရာမှ စံချိန်တင်အမှတ် ၃၀၃၂ ဒသမ ၅၂ သို့ ရောက်ရှိခဲ့သည်။

နည်းပညာအပေါ် ပိုမိုအာရုံစိုက်သည့် နစ်ကေးစတော့အညွှန်းကိန်းသည်လည်း ၂ ရာခိုင်နှုန်း တက်လာခဲ့ပြီး ၄၁၈၇၅ ဒသမ ၈၆ အမှတ်သို့ ရောက်ရှိခဲ့ရာ ဇူလိုင် ၂၅ ရက်နောက်ပိုင်း အမြင့်ဆုံးအမှတ် ဖြစ်သည်။

ပထမသုံးလပတ်တွင် အမြတ်အစွန်းပြန်လည်ရရှိကြောင်း နည်းပညာရင်းနှီးမြှုပ်နှံသူ ဆော့ဖ်ဘဏ်အုပ်စုက ထုတ်ပြန်ခဲ့သဖြင့် ကုမ္ပဏီ၏ စတော့ရှယ်ယာဈေးနှုန်း အမြင့်ဆုံး ၁၁ ရာခိုင်နှုန်းနီးပါးအထိ တိုးမြင့်လာခဲ့သည်။

ဆိုနီအုပ်စု၏ စတော့ရှယ်ယာဈေးနှုန်းသည်လည်း ဩဂုတ် ၇ ရက်က ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာပြီးနောက် ထပ်မံ၍ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ပြင်သစ်နိုင်ငံတွင် ၇၅ နှစ်အတွင်း အကြီးမားဆုံးသော တောမီး ပဲရစ်မြို့တော် တစ်ခုလုံးထက် ကျယ်ဝန်းသော ဧရိယာကို တောက်လောင်ခဲ့

ပဲရစ် ဩဂုတ် ၈

ပြင်သစ်နိုင်ငံတွင် ၇၅ နှစ်အတွင်း အကြီးမားဆုံးသော တောမီးသည် ပဲရစ်မြို့တော် တစ်ခုလုံးထက် ကျယ်ဝန်းသော ဧရိယာကို တောက်လောင်ခဲ့ပြီးနောက် ထိန်းချုပ်နိုင်ခဲ့သော်လည်း ရက်အနည်းငယ်ကြာ ဆက်လက် ဖြစ်ပွားနေဦးမည်ဟု အာဏာပိုင်များက ဩဂုတ် ၈ ရက် အစောပိုင်းတွင် ထုတ်ပြန်ကြောင်း သိရသည်။

ယင်းဒေသတစ်ဝိုက်သို့ မီးသတ် သမား ၂၀၀၀ ကျော်နှင့် မီးသတ်ယာဉ် အစီး ၅၀၀ကို ဆက်လက် စေလွှတ်ထားဆဲဖြစ်ပြီး တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်နေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပြင်သစ်တောင်ပိုင်းရှိ ရီဘုတ် ရွာအနီးတွင် စတင်လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး မီးသတ်သမား ၁၁ ဦးအပါအဝင် လူ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကာ နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။

မီးကို ထိန်းချုပ်ထား နိုင်ပြီဖြစ်သည်ဟု ဒေသဆိုင်ရာ အထွေထွေအတွင်းရေးမှူး လူးစီးရို့ရှ် အတည်ပြုသည်ကို ဒေသခံမီဒီယာများက ကိုးကားဖော်ပြကြသော်လည်း ဒေသအုပ်ချုပ်ရေးမှူး ခရစ္စတီယန် ပူဂေးကမူ မီးငြိမ်းပြီလို့ ရက်ပေါင်းများစွာ ကြေညာနိုင်မှာ မဟုတ်သေးပါဘူး လုပ်ဆောင်စရာတွေ အများကြီး ကျန်နေသေးပါတယ်ဟု" ပြောကြားခဲ့ကြောင်း သိရသည်။

Mon





# တရုတ်နိုင်ငံ ပေကျင်းမြို့တွင် စက်ရုပ်ဆိုင်အသစ်ဖွင့်လှစ် လူသားပုံတူစက်ရုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိ

ပေကျင်း ဩဂုတ် ၈

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ယမန်နေ့က စက်ရုပ်ဆိုင်အသစ်ဖွင့်လှစ်ခဲ့ပြီး စက်မှုအိမ်ဖော်စက်ရုပ်များမှ အဲလ်ဘတ်အိုင်းစတိုင်းနှင့် တူသော လူသားပုံတူ စက်ရုပ်များအထိ စက်ရုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသို့ ဖွင့်လှစ်ခဲ့သော စက်ရုပ်ဆိုင်၌ ထုတ်ကုန်အမျိုးအစား ၁၀၀ ကျော်ကို ရောင်းချမည်ဖြစ်ပြီး လူသားပုံစံတူစက်ရုပ်များကို ရောင်းချသည့်နိုင်ငံတွင်းရှိ ပထမဆုံးဆိုင် တစ်ခုဖြစ်သည်။

အဆိုပါဆိုင်တွင် ရောင်းချခြင်း၊ အပိုပစ္စည်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းစသည့် ဝန်ဆောင်မှုများပါရှိသောကြောင့် ကားအရောင်းပြခန်းတစ်ခုနှင့် နှိုင်းယှဉ်ဖော်ပြကြသည်။

တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုနှင့် လူများအိုမင်းရင့်ရော်လာခြင်းစသည့် စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် စက်ရုပ်နှင့် ဉာဏ်ရည်တု နည်းပညာပိုင်းတွင် အများအပြား ရင်းနှီးမြှုပ်နှံခဲ့သည်။

ရောင်းချမည့်စက်ရုပ်များ၏ ဈေးနှုန်းသည် ယွမ် ၂၀၀၀ (၂၇၈ ဒေါ်လာ)မှ ယွမ်သန်းပေါင်းများစွာအထိ အစားစားရှိကြောင်း သိရသည်။

Mon

0-0-0-0-0



# တရုတ်အာကာသယာဉ်မှူးများအား လပေါ်သို့ပို့ပေးမည့်လဆင်းယာဉ် ဟီဘေးပြည်နယ်တစ်နေရာတွင် ပြည့်စုံစွာ အတည်ပြုစစ်ဆေး

ပေကျင်း ဩဂုတ် ၈

လာမည့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ တရုတ်အာကာသယာဉ်မှူးများကို လပေါ်သို့ ပို့ဆောင်ရန် ရည်ရွယ်သည့် ပထမဆုံးသော လဆင်းယာဉ်ကို ဩဂုတ် ၆ ရက်တွင် ပထမဆုံးအကြိမ် စမ်းသပ်ခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဆိုပါယာဉ်၏ အတက်နှင့် အဆင်းစနစ်များကို လ၏ မျက်နှာပြင်အတု ပြုလုပ်ထားသည့် ဟီဘေးပြည်နယ်တစ်နေရာတွင် ပြည့်စုံစွာ အတည်ပြုစစ်ဆေးခဲ့သည်။

စမ်းသပ်သည့် မျက်နှာပြင်တွင် လမြေသား၏ ရောင်ပြန်ဟပ်မှုကိုတုပရန် အထူးဖုံးအုပ် ထားသည့်အပြင် ကျောက်တုံးများနှင့် လမျက်နှာပြင်ပေါ်ရှိ ချိုင့်ဝှမ်းများပုံစံဖြင့်လည်း ဖုံးအုပ်ထားသည်။

ဒီစမ်းသပ်မှုမှာ လုပ်ငန်းလည်ပတ်မှု အခြေအနေများကို စမ်းသပ်ကာလ ကြာရှည်မှုနဲ့ နည်းပညာရှုပ်ထွေးမှုများ ပါဝင်ခဲ့တာကြောင့် တရုတ်ရဲ့လူလိုက်ပါပြီး လလေ့လာရေးအစီအစဉ်မှာ အရေးကြီးတဲ့ မှတ်တိုင်တစ်ခု ဖြစ်ပါတယ်ဟု တရုတ်လူလိုက်ပါ အာကာသအစီအစဉ်က ဩဂုတ် ၇ ရက်တွင် ဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

တရုတ်ဘာသာစကားဖြင့် "လကိုပွေ့ဖက်ခြင်း"ဟု အဓိပ္ပာယ်ရသည့် လန်ယွဲ့ဟု အမည်ရသော ယင်းလဆင်းယာဉ်ကို လပတ်လမ်းကြောင်းနှင့် လမျက်နှာပြင်အကြား အာကာသယာဉ်မှူးများ သွားလာပို့ဆောင်ရန် အသုံးပြုမည်ဖြစ်ပြီး လပေါ်ဆင်းသက်ပြီးနောက် နေထိုင်စရာနေရာ၊ စွမ်းအင်အရင်းအမြစ်နှင့် အချက်အလက်ဌာနအဖြစ်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

Mon

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းဒေသတစ်နေရာတွင် ယမန်နေ့က ရုတ်တရက် ရေကြီးသဖြင့် ကယ်ဆယ်ရေးသမားများနှင့် တပ်မတော်သားများပူးပေါင်းကာ ကယ်ဆယ်ရေး လုပ်ဆောင်နေကြစဉ်။

Mon



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်စခန်းမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း (မိုးထိ)ရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်များအကြောင်း သိကောင်းစရာ အချက်အလက်များအား အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်စခန်းမှူးက ငလျင်ဘေးအန္တရာယ်များအကြောင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာမှု၊ ငလျင်လှုပ်ခတ်စဉ် ပြုမူနေထိုင်ကြရမည့် လုပ်ငန်းလမ်းစဉ်များအကြောင်း၊ ရေဘေးအန္တရာယ်အတွက် အသက်ကယ်ပစ္စည်းအသုံးပြုနည်းများ၊ ရေဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဖြစ်ပွားဆဲနှင့် ဖြစ်ပွားပြီးနောက်ပိုင်း ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများပူးပေါင်း၍ ငလျင်လှုပ်ခတ်စဉ်အတွင်း ကျောင်းသား၊ကျောင်းသူများ ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ ဒဏ်ရာရရှိသူများအား မည်သို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ကို သဏ္ဌာန်တူ သရုပ်ပြသခြင်း၊ မီးလောင်မှုအား မီးသတ်ဆေးဘူး၊ ရေစိုအဝတ်တို့ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် Rescue Tool အသုံးပြုမှု သရုပ်ပြသခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြသခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသနိုးမြေ)





# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တန့်ယန်း ဩဂုတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်တို့မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပိုင်းဝန်းအကြံပြုဆွေးနွေးကြကာ ခရိုင်ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**ပေါင် ဩဂုတ် ၈**

ဩဂုတ် ၆ရက်က မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက်တွင် ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီး ကျေးရွာနေ ရာဇာအောင်(၃၆)နှစ်၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ သထုံမြို့နယ်၊ အလံတရာကျေးရွာနေ ခွန်သန်းထွန်း(၃၆)နှစ်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်နေ အောင်ဆန်းနိုင်(၄၂) နှစ်နှင့် မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်နေ ဒေါ်အေးမျိုးရွှေ(၃၇)နှစ်ဆိုသူတို့အား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**လားရှိုး ဩဂုတ် ၈**

ဩဂုတ် ၅ ရက်က ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၅ ရက် ည ၁၂ နာရီ ၁၀ မိနစ်က လားရှိုးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် လားရှိုးမြို့၊ အမှတ်(၈)ရပ်ကွက်၊ သိန္နီလမ်းမပေါ်၌ အဆိုပါရပ်ကွက်နေ သိန်းထွန်း(ခ)နှစ်ပေ(၅၂)နှစ်ဆိုသူအား မသင်္ကာဖွယ် တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၎င်း၏ခါးကြားမှ အရိုးအသွား ၁၁ လက်မ ခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သိန်းထွန်း(ခ)နှစ်ပေဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မဆင်မခြင်
မောင်းနှင်မှု
အသက်ပေါင်းများစွာ
အန္တရာယ်ပြု။

## မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ဟိုပုံး ဩဂုတ် ၈**

ဩဂုတ် ၆ ရက်က ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၌ မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ဟိုပုံး-လွိုင်လင်သွား ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် ၁၅၂ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ----နေ ----------(၄၃)နှစ် မောင်းနှင်ပြီး ခရီးသည်များနှင့် ကုန်ပစ္စည်းများ တင်ဆောင်လာသည့် SHN-19/7I------ CANTER ဖြူ/ပြာရောင် ခြောက်ဘီးမော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ---------တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပုသိမ်ကြီးမြို့နယ်၊ -------နေသူများဖြစ်ကြသည့် -----(၂၀)နှစ်နှင့် ------(၂၂)နှစ်တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သောကြောင့် ------အား ဟိုပုံးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မူလမစိုးရိမ်ကျောင်းတိုက်အတွင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပရိယတ္တိနယူပဒေသာ ကျောင်းတော်ကြီးအသစ် တည်ဆောက်နိုင်ရန် ဆောက်လုပ်လှူဒါန်းခြင်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မူလမစိုးရိမ်ကျောင်းတိုက်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပရိယတ္တိနယူပဒေသ ကျောင်းတော်ကြီးအား အလှူရှင် ကျောင်းဒါယိကာမ ဒေါ်နန်းစံခမ်း၊ ဒေါ်နန်းစံဟွမ်း (ကုံးထက်ကြက်ဆီထမင်းနှင့် ရေခဲမုန့်)မိသားစုက ငွေကျပ်သိန်း နှစ်သောင်းကျော်အကုန်ကျခံ၍ အသစ်တဖန် ပြည်လည်ဆောက်လုပ်လှူဒါန်းခြင်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း ပန္နက်တော်တင်မည့် မြေနေရာတွင် ကျင်းပပြုလုပ်ရာ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် မဟာနာယက နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ပရိယတ္တိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တာဝန်ယူတည်ဆောက်မည့် မန်းမြင့်မိုရ်ဟိန်း ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်ထွေးနှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်မိသားစုများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ ဝေယျာဝစ္စအဖွဲ့များ၊ ပိုင်သိခ်တေးဂီတအဖွဲ့နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က "နမောတဿ" အစရှိသော ဘုရားရှိခိုး သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အဆိုတော် ရွှေတံဆိပ်ဆုများရှင် စန်းသီတာအေးမှ ထူးမခြားနားသီးချင်းခန့်ဖြင့် ဂုဏ်ပြုပူဇော်သည်။ ထို့နောက် မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်မြတ်များ ရွတ်ဖွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ဆက်လက်၍ မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာက ကျောင်းတော်ကြီးတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လျှောက်ထားတင်ပြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်း အစရှိသော လှူဒါန်းဖွယ်ရာ ဒါတဗ္ဗဝတ္ထုတို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြပြီး မစိုးရိမ်ကျောင်းတိုက်၊ နိရုတ္တိနယူပဒေသကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၁၀ နာရီ ၂၁ မိနစ် ၄၈ စက္ကန့်တိတိတွင် မြို့တော်ဝန်၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူအသီးသီးတို့က သတ်မှတ်နေရာများတွင် ပန္နက်တိုင်များကို ရိုက်သွင်းကြပြီးနောက် မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းခဲ့သည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကြွရောက်ချီးမြှင့်ကြသော ဧည့်သည်တော်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံကြကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

# (Community Center)အစည်းအဝေးခန်းမတွင် စာဖတ်ဝိုင်းကျင်းပ




**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Center) အစည်းအဝေးခန်းမတွင် ဝန်ထမ်းများ၏ လိုက်နာရမည့်စည်းမျဉ်းများကို သိရှိလိုက်နာစေရန်အတွက် စာဖတ်ဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ဝန်းထမ်းကျင့်ဝတ်စာအုပ်မှ "ဌာနဆိုင်ရာအရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ" ခေါင်းစဉ်ဖြင့် ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်မြို့မြို့အောင်က "ဝန်ထမ်း၏ ဝန်ထမ်းဆိုင်ရာခံစားခွင့်များ" ခေါင်းစဉ်ဖြင့် ဝန်ထမ်း၏ အခြေခံအခွင့်အရေးများ၊ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြုသောခံစားခွင့်များ၊ ခွင့်နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ဖတ်ကြားသည်။ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများသည် မိမိ၏တာဝန်များကို ကျေပွန်စေရန်နှင့် ဝန်ထမ်းများ၏ လိုက်နာရမည့် စည်းမျဉ်းများကို သိရှိလိုက်နာစေရန်အတွက် စာဖတ်ဝိုင်းအစီအစဉ်များကို လစဉ်လတိုင်း ကျင်းပလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)



# မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအနေနှင့် ပညာရေးသာမက ကာယဉာဏ စာရိတ္တဘတ်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက်၁၃နှစ်အောက် မြို့နယ်ပညာရေးမှူးဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မြို့နယ်အားကစားကွင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဦးရဲမြင့်နှင့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ လာရောက်အားပေးခဲ့ကြပြီး ဩဂုတ် ၁ ရက်မှ ၇ ရက်နေ့အထိ အုပ်စုပတ်လည်ယှဉ်ပြိုင် ကစားခဲ့ရာ ဗိုလ်လုပွဲအား အလင်း အားမာန်အသင်းနှင့် အ.ထ.က (ခွဲ)၂ အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အလင်းအားမာန်အသင်းက အနိုင်ရရှိခဲ့သည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုဖလားနှင့်(ရွှေ၊ ငွေ၊ ကြေး)ဆုတံဆိပ်ဆွဲပြားများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဇော်မင်း

၀-၀-၀-၀

# နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**ကွန်ဟိန်း ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ ဝမ်ပန်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲအား ဩဂုတ် ၇ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သဲမာက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်လိုက်နာရန်အချက်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲအား ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ ဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများမှ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။



(အောက်ဝဲပုံ)

ထို့နောက် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏ ။**

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Karen Khachanov တက်ရောက်

**လန်ဒန် ဩဂုတ် ၈**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Karen Khachanov တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Karen Khachanov သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၄၊ ၄-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Karen Khachanov နှင့် အမေရိကန်တင်းနစ်ကစားသမား Ben Shelton တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



(အပေါ်ပုံ)
(NGB)

0-0-0-0-0

## မာ့ခ်ဂီယူအား အငှားစာချုပ်ဖြင့် ဆန်းဒါးလန်းအသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၈**

လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် ချဲလ်ဆီးအသင်း တိုက်စစ်မှူးမာ့ခ်ဂီယူအား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များစွာ ဆက်တိုက်ခေါ်ယူအားဖြည့်ထားပြီး လက်ရှိအချိန်ထိ ကစားသမား ကိုးဦးအထိ ခေါ်ယူထားပြီးဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* အေစီမီလန်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းတိုက်စစ်မှူး ဟွိုင်လန်းအား အငှားစာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* ဆော်ဒီပရိုလိဂ်ကလပ်အယ်လ်ဟီလာအသင်းသည် လီဗာပူးအသင်း တိုက်စစ်မှူး ဒါဝင်နူနက်ဇ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

* မန်ချက်စတာစီးတီး အသင်းကွင်းလယ်ကစားသမား ကိုဗာဆစ်အား ခေါ်ယူရန် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများစွာက စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

### အမ်းမရိတ်ဖလား ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၅ စနေနေ့ | ည၁၀း၃၀နာရီ | အာဆင်နယ်(အင်္ဂလန်) - ဘီလ်ဘာအို(စပိန်) |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၈-၂၀၂၅ စနေနေ့ | ညနေ၆း၀၀နာရီ | ချာလ်တန် - ဝက်စ်ဗိုဒ်<br>(W,W,D,L,W) (D,W,D,D,W) | ချာလ်တန် ၁-၀ ဝက်စ်ဗိုဒ်<br>ဝက်စ်ဗိုဒ် ၅-၀ ချာလ်တန် |
| ။ | ။ | ကိုဗင်ထရီ - ဟားလ်စီးတီး<br>(D,L,W,D,D) (D,W,W,W,D) | ကိုဗင်ထရီ ၂-၁ ဟားလ်စီးတီး<br>ဟားလ်စီးတီး ၁-၁ ကိုဗင်ထရီ |
| ။ | ။ | ဆောက်သမ်တန် - ဝက်ဇမ်း<br>(D,W,D,L,D) (W,W,W,L,L) | - |
| ။ | ည၉း၃၀နာရီ | မစ်ဒယ်ဘာရော့ - ဆွမ်ဆီး<br>(D,L,D,D,D) (D,W,L,L,L) | မစ်ဒယ်ဘာရော၁-၀ ဆွမ်ဆီး<br>ဆွမ်ဆီး ၁-၀ မစ်ဒယ်ဘာရော့ |
| ။ | ။ | နော့ဝစ်ချ် - မီလ်ဝေါလ်<br>(D,L,D,L,W) (L,W,W,W,W) | နော့ဝစ်ချ် ၂-၁ မီလ်ဝေါလ်<br>မီလ်ဝေါလ် ၃-၁ နော့ဝစ်ချ် |
| ။ | ။ | အောက်စ်ဖို့ဒ် - ပို့စ်မောက်<br>(D,W,L,D,W) (W,W,W,D,W) | အောက်စဖို့ဒ် ၀-၂ ပို့စ်မောက်<br>ပို့စ်မောက် ၁-၁ အောက်စဖို့ဒ် |
| ။ | ။ | QPR - ပရက်စတန်<br>(L,W,D,D,L) (L,W,L,D,L) | QPR ၂-၁ ပရက်စတန်<br>ပရက်စတန် ၁-၂ QPR |
| ။ | ။ | စတုတ် - ဒါဘီ<br>(L,L,W,D,W) (W,W,L,W,W) | စတုတ် ၂-၁ ဒါဘီ<br>ဒါဘီ ၀-၀ စတုတ် |
| ။ | ။ | ဝက်စ်ဘရွန်း - ဘလက်ဘန်း<br>(W,D,L,L,W) (W,W,W,W,L) | ဝက်စ်ဘရွန်း ၀-၂ ဘလက်ဘန်း<br>ဘလက်ဘန်း ၀-၀ ဝက်စ်ဘရွန်း |
| ။ | ည၁၁း၀၀နာရီ | ရှက်ဖီးလ်Utd - ဘရစ္စတိုးစီးတီး<br>(W,W,W,W,L) (L,W,D,W,W) | ရှက်ဖီးလ်Utd၃-၀ ဘရစ္စတိုးစီးတီး<br>ဘရစ္စတိုးစီးတီး၀-၃ ရှက်ဖီးလ်Utd |

## သောမတ်စ်ပါတေးအား နှစ်နှစ်စာချုပ်ဖြင့် ဗီလာရီးရဲလ်အသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၈**

ဗီလာရီးရဲလ်အသင်းသည် အာဆင်နယ်အသင်းနှင့် လမ်းခွဲထားသည့် ကွင်းလယ်ကစားသမား သောမတ်စ်ပါတေးအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမား ဘဝတစ်လျှောက်တွင် မာဃော့ကာ၊ အယ်လ်မီးယား၊ အာဆင်နယ် စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဗီလာရီးရဲလ်အသင်းထုတ်ပြန်ချက်တွင် "သောမတ်စ်ပါတေးကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူသွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**



## ဆွန်ဟောင်မင် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းတွင် ကျော်နံပါတ် (၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၈**

တိုက်စစ်မှူးသစ် ဆွန်ဟောင်မင် မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းတွင် ကျော်နံပါတ် (၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် စပါးအသင်းမှ လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅၄ ပွဲကစားပြီး ၁၇၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် လော့စ် အိန်ဂျလိစ်အက်ဖ်စီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**



### အာဆီယံကလပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၅ စနေနေ့ | ညနေ၆း၀၀နာရီ | အက်ဇရော(လာအို) - ရှမ်းယူနိုက်တက်(မြန်မာ) |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၅ စနေနေ့ | ညနေ၄း၀၀နာရီ | ဝါဒါဘရီမင်(ဂျာမနီ) - အူဒီးနီးစ်(အီတလီ) |
| ။ | ညနေ၅း၀၀နာရီ | ဘရိုက်တန်(အင်္ဂလန်) - ဝုဗ်ဘတ်(ဂျာမနီ) |
| ။ | ညနေ၆း၁၅နာရီ | မန်ယူ(အင်္ဂလန်) - ဖီအိုရင်တီးနား(အီတလီ) |
| ။ | ည၇း၃၀ နာရီ | အော့စ်ဘတ်(ဂျာမနီ) - ဆန်းဒါးလန်း(အင်္ဂလန်) |
| ။ | ။ | ဟိုင်ဒင်ဟိမ်း(ဂျာမနီ) - ပါးမား(အီတလီ) |
| ။ | ည၈း၀၀နာရီ | ကိုလုံး(ဂျာမနီ) - အတ္တလန္တာ(အီတလီ) |
| ။ | ။ | ဖရိုင်းဘတ်(ဂျာမနီ) - အိုဆာဆူနာ(စပိန်) |
| ။ | ည၈း၃၀နာရီ | ဘန်လေ(အင်္ဂလန်) - လာဇီယို(ဂျာမနီ) |
| ။ | ။ | အဲဗာတန်(အင်္ဂလန်) - ရိုးမား(အီတလီ) |
| ။ | ။ | လီဒ်စ်(အင်္ဂလန်) - အေစီမီလန်(အင်္ဂလန်) |
| ။ | ။ | ဝါဒါဘရီမင်(ဂျာမနီ) - အူဒီးနီးစ်(အင်္ဂလန်) |
| ။ | ။ | ဝက်စ်ဟမ်း(အင်္ဂလန်) - လိုင်လီ(ပြင်သစ်) |
| ။ | ။ | ဝုဗ်(အင်္ဂလန်) - ဆဲလ်တာဗီဂို(စပိန်) |
| ။ | ည၉း၃၀နာရီ | နယူးကာဆယ်(အင်္ဂလန်) - အက်သလက်တီကို(စပိန်) |
| ။ | ။ | စတုဂတ်(ဂျာမနီ) - ဘိုလော့ညာ(အီတလီ) |
| ။ | ။ | ဖူလ်ဟမ်(အင်္ဂလန်) - ဖရန့်ဖတ်(ဂျာမနီ) |
| ။ | ည၁၀း၄၅နာရီ | ဘုန်းမောက်(အင်္ဂလန်) - ဆိုစီဒက်(စပိန်) |
| ။ | ည၁၁း၃၀နာရီ | မာဆေး(ပြင်သစ်) - ဗီလာ(အင်္ဂလန်) |
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | နံနက်၀၁း၁၅နာရီ | နော့တင်ဟမ်(အင်္ဂလန်) - အယ်လ်ကာဒီဆီရာ(ဆော်ဒီအာရေဗျ) |
| ။ | နံနက်၀၁း၃၀နာရီ | ပါလာမို(အီတလီ) - မန်စီးတီး(အင်္ဂလန်) |
| ။ | ။ | ဗလင်စီယာ(စပိန်) - တိုရီနို(အီတလီ) |



## ပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းသို့ တက်ရောက်အမှာစကားပြောကြား

**တောင်ကြီး ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီမှ ကြီးမှူး၍ ၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး တောင်ကြီးတက္ကသိုလ်အတွက် အားကစားအထောက်အကူ ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာ အောင်နေမျိုးက လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

(အပေါ်ပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘက်စုံခန်းမ၌ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ အထွေထွေ ဗဟုသုတ စာအုပ်စာပေများအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တောင်ကြီးတက္ကသိုလ်၊ ဒဿနိကဗေဒဌာန လက်ထောက်ကထိက ဒေါ်မိုးမိုးမြင့်အောင်က "လူငယ်နှင့် ရိုးရာဓလေ့ထုံးတမ်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒဿနိကဗေဒဌာန နည်းပြ ဒေါ်ကျော့ဝတ်ရည်လှိုင်က "လူငယ်နှင့်ရသ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခွန်မျိုးမြင့်ဦး (ခွန်နေမျိုး)က "လူငယ်နှင့် နည်းပညာ မှန်ကန်စွာအသုံးချရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလမင်းသန်းက "လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောင်ကြီးတက္ကသိုလ်၊ ရူပဗေဒဌာန သရုပ်ပြ ဒေါ်ဝေဝေခိုင်က "လူငယ်နှင့် သုတေသနအမြင်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြရာ တက်ရောက်လာသူများမှ သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး တောင်ကြီးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(၃၆၈)

## နတ်မောက်မြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် သရုပ်ပြမဲပေးခြင်း ကျင်းပ

**နတ်မောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် သရုပ်ပြမဲပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်သက်ဆုနှင်းက Myanmar Electronic Voting Machine (MEVM) စက် အသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်ကို အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးဆောင်ရွက်နိုင်ခြင်း၊ မိမိမဲပေးရွေးချယ်လိုက်သည့် အခြေအနေအား မျက်မြင်တွေ့ရှိရသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်း၊ ပယ်မဲများ မရှိနိုင်တော့သည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ ဆန္ဒမဲပေးမှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၅)



## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကျောက်တလုံးကြီး ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်အဖြစ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အခြေခံပညာ အထက်တန်းကျောင်း ကျောက်တလုံးကြီးမြို့တွင် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီ က ကျင်းပသည်။

(အောက်ပုံ)

ရှေးဦးစွာ အ·ထ·က ကျောက်တလုံးကြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး Grade-7 နှင့် Grade-8 ကျောင်းသား၊ ကျောင်းသူများက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံးအဖြေလွှာများကို စစ်ဆေး၍ ဆုချီးမြှင့်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အ·ထ·က ကျောက်တလုံးကြီးတွင် တက်ရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ထက်မြက်၍ အသိပညာဗဟုသုတ ရရှိစေရန် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တံတားဦးမြို့နယ်တွင် မိုးရာသီ၌ သဘာဝအော်ဂဲနစ်အသီးများ စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**တံတားဦး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ဒေသခံတောင်သူများသည် တောင်သူလုပ်ငန်းကို အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ မိုးရာသီကာလတွင် မိသားစုအပိုဝင်ငွေရရှိရေးအတွက် သဘာဝအော်ဂဲနစ်အသီးများကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာကြသည်။

စားဖိုဆောင်သီးနှံများကို မိမိတို့ အိမ်ခြံမြေများနှင့် ယာလုပ်ငန်းများ၌ မိုးရွာသွန်းသည့်အချိန်များတွင် ဂရုတ်၊ သခွား၊ ခဝဲ၊ ရွှေဖရုံ၊ ချဉ်ပေါင်၊ ရုံးပတီပင်များကို သဘာဝအော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထားသည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်အပြင် ဒေသခံပြည်သူများ အများဆုံးနှစ်သက်ကြပြီး မိသားစုထမင်းဝိုင်းတွင် မပါမဖြစ် စားသုံးကြသည့်သီးနှံဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးသည့်အချိန်တွင် တောင်သူအများစုမှာ ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံများရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံများ ရောင်းချသည့် ဒေသခံပြည်သူများအနေဖြင့် တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ရရှိသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။



တံတားဦးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၁)အုပ်စု၊ စုစုပေါင်း (၆၄)အုပ်စုတွင် မိုးရာသီကာလ၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးသည့်လုပ်ငန်းကို အိမ်ခြံမြေနှင့် ယာလုပ်ငန်းတို့တွင် မိသားစုစားဝတ်နေရေး အဆင်ပြေနိုင်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း စားဖိုဆောင်သီးနှံ စိုက်ပျိုးသူ ပြုကန်ကျေးရွာရှိ တောင်သူ ဦးဇော်ဦးထံမှ သိရသည်။

(ဓဲပုံ)

(၄၀၉)

ရေနုတ်မြောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ ဂုဏ်ကို မြင့်တင်ပါ။



## အ·ထ·က(၂၇)တွင် လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ·ထ·က(၂၇)ကျောင်း အောင်တံခွန်ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက လူငယ်ရေးရာ ဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီး ဌာနတို့ပူးပေါင်း၍ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် လူငယ်၊ လူရွယ်များ အသိပညာ ဗဟုသုတများ ကြွယ်ဝစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဗလ ငါးတန်နှင့်ပြည့်စုံသည့် လူငယ်၊ လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာ သိပ္ပံ(မန္တလေး)၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး က ဗလငါးတန်ဖြစ်သည့် ကာယ ဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလအကြောင်း အရာများကို လည်းကောင်း၊ အားကစားနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်း ကောင်း၊ လူငယ်၊ လူရွယ်များ စာပေများ ဖတ်ရှုလေ့လာဖို့ရန် စသည့်တို့ကို ရှင်းလင်းဟောပြော ခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က လူငယ်၊ လူရွယ်များ စာများများ ဖတ်ရန်၊ အားလပ်ချိန်များတွင် စဉ်ဆက်မပြတ် စာပေဗဟုသုတ များကို ဖတ်ရှုလေ့လာရန်၊ စာပေ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာ မည့် အကျိုးကျေးဇူးအကြောင်း အရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် စာ အုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှု လေ့လာနိုင်ကြောင်း ဟောပြော ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လည်း အသီးသီး မေးမြန်းဖြေ ကြား ဆွေးနွေးခဲ့သည်။

ထို့နောက် အ·ထ·က(၂၇) ကျောင်းမှ တာဝန်ရှိသူ ကျောင်း ဆရာများထံ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အား ကစားပစ္စည်းများ ထောက်ပံ့ပေး အပ်ခဲ့ပြီး ဟောပြောပွဲသို့ တက် ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသ ထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် ကလေးအလုပ် သမားပပျောက်ရေး အသိပညာ ပေး နံရံကပ်စာစောင်များကို စိတ် ဝင်တစား ဖတ်ရှုလေ့လာခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ကလေးအလုပ် သမားပပျောက်ရေး အသိပညာ ပေး သတင်းစကား လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

**စင်မင်းမောင်**



## မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်စိုက်ခင်းများအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်

**လဲချား ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန၏ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ စပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြ ကွက်စိုက်ခင်းများအတွက် မျိုးစေ့ နှင့် ဓာတ်မြေဩဇာထောက်ပံ့ ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီက အဆိုပါဦးစီး ဌာနရုံးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းသန်းစိန်က စပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြ ကွက်စိုက်ခင်းများအတွက် မျိုးစေ့ နှင့်ဓာတ်မြေဩဇာ ထောက်ပံ့ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး တောင်သူများအား လယ်မြေ ၂၃ ဧကအတွက် မြေဩဇာ ၁၃၈ အိတ်အား တက်ရောက်လာသည့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား တောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများ ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြ သွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးရွာလေးရွာအား ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်

**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှု ဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြ နှင့်ကျေးလက်ကွာဟမှုမရှိစေရေး အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တွင် တောတွင်-မယ်ဇယ်တော- ကျားအိုလေး-တုံလုံ ကျေးရွာ လေးရွာအား ဆက်သွယ်ထား သော ကျေးရွာချင်းဆက်လမ်း အား မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေး သွားမည်ဖြစ်သည်။



အဆိုပါကျေးရွာချင်းဆက် လမ်းသည် အရှည်(၂/၃)မိုင် ရှည်လျားပြီး ယခင်က မြေသား (ကျောက်မှုန့်ဖြူး)လမ်းဖြစ်ကြောင်း နှင့် ဒေသထွက်ကုန်များနှင့် လူမှု ရေး၊ စီးပွားရေး၊ ကျန်းမာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်ထောင်စုခွင့်ပြု ရန်ပုံ ငွေကျပ် ၈၄ ဒသမ ၀၆ သန်း အကုန်အကျခံကာ လမ်းအရှည် ၀ ဒသမ ၃မိုင်အား (၂ လက်မ× ၄လက်မ)ကျောက်များဖြင့် လမ်း ထု၆လက်မ၊ လမ်းအကျယ် ၁၆ ပေအထိ ကျောက်ချောလမ်းအဖြစ် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူ၍ အဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင် ရွက်ပေးသွားမည်ဖြစ်သည်။

လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ပြီးစီးသွားပါက တောတွင်-မယ်ဇယ်တော-ကျား အိုလေး-တုံလုံကျေးရွာမှ အိမ်ခြေ ၂၉၈ အိမ်၊ လူဦးရေ ၂၇၇၈ ဦး တို့၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်းနှင့် အခြား ဒေသများနှင့် ဆက်သွယ်ရာ၌ အချိန်တိုအတွင်း လွယ်ကူမြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၅)**

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်ဆေး

**အမရပူရ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရေး အတွက် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အဆိုပါ သွင်းအားစုများဖြင့် မိုးစပါး စိုက်ပျိုးနေမှုများကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ် ဆေးခဲ့သည်။ **(ယာပုံ)**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သာမန် စစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်သီတာစိုးနှင့်အဖွဲ့က အမရပူရ မြို့နယ်၊ ဂျီကျေးရွာ စိုက်/ထွေ သမဝါယမအသင်းဥက္ကဋ္ဌ ဦးဇော် မျိုးထွန်း၏ မိုးစပါးစိုက်ခင်း ငါး ဧကအပေါ် Seeder စပါးမျိုး စေ့ချကိရိယာဖြင့် မျိုးစေ့ချ စိုက်ပျိုးခြင်း၊ ကောက်စိုက်စက် ကိရိယာဖြင့် စိုက်ပျိုးခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း အမရပူရမြို့နယ် သမဝါယမဦးစီး ဌာန ဦးစီးအရာရှိ ဦးမောင်မောင် လေးထံမှ သိရသည်။

**(ဝစ၄)**



# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့်ဆေး တွေ့ကာ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။



**ရုံးပတီသီး**

ရုံးပတီသီးကို နေ့တိုင်းစားပေးပါ။ အူလမ်းကြောင်း သန့်ရှင်းစေပြီး သွေးတွင်းသကြားဓာတ်ကျကာ အဆီကျစေပါတယ်။

၁။ **သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးပါတယ်။**

ရုံးပတီသီးရဲ့ ချွဲတဲ့အသားက သကြားဓာတ်စုပ်ယူမှုကို နှေးကွေးစေပါတယ်။ ဒါက ဆီးချိုသမားတွေအတွက် ကောင်းပါတယ်။

၂။ **အဆီကို ဖယ်ရှားပြီး ကိုလက်စထရောကို လျှော့ချပေးပါတယ်။**

အမျှင်ဓာတ်မြင့်မားစွာ ပါဝင်လို့ ခန္ဓာကိုယ်ထဲက ပိုလျှံနေတဲ့ အဆီတွေကို ဖယ်ရှားပေးပါတယ်။

၃။ **အူလမ်းကြောင်းကို သန့်စင်စေပြီး ဝမ်းချုပ်တာကို သက်သာစေတယ်။**

ဝမ်းသွားရခက်ခဲသူတွေ တစ်နေ့ကို ရုံးပတီသီး နှစ်တောင့်၊ သုံးတောင့်စားတာက အများကြီးအထောက်အကူပြုစေပါတယ်။

၄။ **အစာအိမ်ကို အလွှာလိုက် ဖုံးအုပ်ပေးပြီး အစာအိမ်အက်စစ်ပြန်တက်တာကို သက်သာစေတယ်။**

သဘာဝချွဲသားက အစာအိမ်အတွက် ဂျယ်လ်လိုပဲ တိုက်ရိုက်အာဟာရဖြစ်စေပါတယ်။

၅။ **အဆစ်အမြစ်တွေကို အာဟာရဖြည့်တင်းပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးတယ်။**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်လို့ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတွေကို လျှော့ချပေးပါတယ်။

ရုံးပတီသီးကို ရေသေချာဆေးပြီး လှီးဖြတ်ကာ ရေထဲမှာစိမ်၍ နံနက်ပိုင်းမှာ သောက်ပါ။



**ဆီးဖြူသီး**

အရေပြားတွင် ဖြစ်တတ်သော ယားနာ၊ ပွေး၊ ညှင်း၊ တင်းတိပ်များအတွက် ဆီးဖြူသီးခြောက်(သို့မဟုတ်)အစိုကို သွေး၍ သံပရာသီးအနည်းငယ်ထည့်ပြီး လိမ်းပေးပါ။

ဆီးချိုရောဂါအတွက် ဆီးဖြူ(သို့မဟုတ်)မြေဆီးဖြူ ပဥ္စငါးပါး ပြုတ်ရည်သောက်ပေးပါ။

နှာခေါင်းသွေးလျှံခြင်းအတွက် ဆီးဖြူသီးကို ကြိတ်၍ နှာခေါင်းပေါ် အုံပေးပါ။

ဆီးပုပ်ရောဂါအတွက် ဆီးဖြူသီးခြောက်မှုန့်ကို ထန်းလျက်၊ ပျားရည်၊ သကာရည်နှင့် နယ်စားပေးပါ။

သွေးဝမ်းသွားလျှင် ဆီးဖြူသီး အစိမ်းကို ထောင်း၍ အရည်ညှစ်ယူပြီး သံပရာရည်နှင့် သောက်ပေးပါ။

လျှာကွဲခြင်း၊ ပါးစပ်ကွဲခြင်း၊ ပါးစပ်ပေါက်ခြင်းနှင့် ရေစီးကမ်းပြိုခြင်းများအတွက် ဆီးဖြူသီးရွက်ကို ရေနှင့်သုံးခွက်တစ်ခွက်တင်ကျို၍ ရသောအရည်ကို ပလုတ်ကျင်းပေးပါ။

ဆီးဖြူသီးသည် ချောင်းဆိုး၊ ပန်းနာ၊ လေနာတို့ကို ပျောက်ကင်းစေသည်။

မီးလောင်နာ၊ ရေနွေးပူလောင်နာများအတွက် ဆီးဖြူရွက်ကို လှော်၍ အမှုန့်ပြုလုပ်ပြီး အနာပေါ်သို့ ဖြူးပေးပါ။

ကလေးများတွင် ဖြစ်တတ်သော ကျဗဟုံးနာအတွက် ဆီးဖြူရွက်ကို ကျွမ်းအောင်လှော်၍ အုန်းဆီနှင့် လိမ်းပေးပါ။

ဝမ်းသက်ခြင်း၊ အစာမကြေခြင်းများအတွက် ဆီးဖြူရွက်နုများကို ပုန်းရည်နှင့် စားပေးပါ။

မျက်စိတွင်ဖြစ်တတ်သောရောဂါများအတွက် ဆီးဖြူသီးအစေ့ကို ထုထောင်း၍ ရေနွေးနှင့်ပြုတ်ကာ မျက်စိကို ဆေးကြောပေးပါ။

သွေးလွန်(ရာသီလွန်)လျှင် ဆီးဖြူသီးအလုံးကြီးကို စားပေးပါ။

သွေးဒူလာအတွက် ဆီးဖြူ၊ ဖန်ခါး၊ ကြစု၊ သစ်သီးစိမ့်၊ နံ့သာဆီတို့ကို ဆတူရော၍ သုံးခွက်တစ်ခွက်တင်ကျိုပြီး အသင့်အတင့် သောက်ပေးပါ။

ဒူလာသရေနာ(ဆီးသွားသောအခါ ခါးကိုက်ပြီး အဖြူဖတ်များပါသောရောဂါ)အတွက် ဆီးဖြူသီး၊ နနွင်းစုကြီးတို့ကို ကြိတ်၍ စားပေးပါ။

ဒူလာရောဂါအတွက် ဆီးဖြူသီးကို စားပေးပါ။

သွေးဝမ်းလွန်ရောဂါများအတွက် ဆီးဖြူရွက်ပြုတ်အရည်ကို ထန်းလျက်(သို့မဟုတ်)သကြားနှင့်ဖျော်သောက်ပေးပါ။

ထုံကျင်နာအတွက် ဆီးဖြူသီးခြောက်၊ ဖန်ခါးသီးခြောက်၊ ဆင်သမန္တယ်၊ ကန့်ချုပ်နီ၊ နွားဖြေရင်း၊ မာလာ၊ အိပ်မွှေ့သီး၊ ငရုတ်ကောင်း၊ ကံ့ကော်ဝတ်ဆန်တို့ကို ဆတူရောကြိတ်၍ သကြားနှင့် စားပေးပါ။

လျှာကွဲခြင်းအတွက် ဆီးဖြူသီးကို ရေနှင့်သုံးခွက်တစ်ခွက်တင်ကျို၍ ပလုတ်ကျင်းပေးပါ။

မကွရရောဂါအတွက် ဆီးဖြူသီးကို မီးဖုတ်ပြီး ရလာသောပြာကို ဆီနှင့်ဖျော်၍ ပွတ်ပေးပါ။

မီးယပ်ဆင်းခြင်းအတွက် ဆီးဖြူသီးစေ့ကို ရေနွေးနှင့်သွေး၍ ရေကိုစစ်ယူပြီး ပျားရည်၊ သကြားတို့နှင့် ရောသောက်ပေးပါ။

အညောင်း၊ ခါးနာခါးကိုက်၊ အမောအပန်း၊ ဒူလာရောဂါအတွက် ငါးရှဉ့်ပနီ မီးကင်ခြောက်ကို ဆီးဖြူသီးခြောက်ထည့်ပြီး နူးအောင်ပြုတ်၍ ကြက်သွန်၊ ဆားခတ်၍ နှမ်းဆီနှင့် မကြာခဏကြော်ချက်စားပေးပါ။

ဓာတ်ချုပ်ရောဂါအတွက် ဆီးဖြူသီးကို အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့် ရောစားပေးပါ။ ဓာတ်ပျော့စေပါသည်။

ဆီးဖြူသီးခြောက်ဆေးသည် အစာကို ကြေလွယ်စေသည်။ ခွန်အားကို ဖြစ်စေသည်။ ကာမအားကို တိုးစေသည်။

အသက်ရှည်၊ အဆင်းလှစေရန် ဆီးဖြူသီးကို အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့် ရောစားပေးပါ။

ဓာတ်သွားစေရန် ဆီးဖြူသီးအစိမ်းကို စားပေးပါ။

အသံသာစေရန် ဆီးဖြူသီးကို ဆားရည်စိမ်၍ ဟင်းလျာများနှင့် ချက်စားပေးပါ။

ချောင်းဆိုး၊ မျက်စိနာပျောက်စေရန်၊ ပိုးများသေစေရန် ဆီးဖြူသီးကို ဆားရည်စိမ်၍ ဟင်းများတွင် ထည့်ချက်စားပေးပါ။

လေတင်တုန်းရောဂါများအတွက် ဆီးဖြူသီးမှုန့်ကို ပျားရည်နှင့် ရောစားပေးပါ။

အသားအရေတွန့်ခြင်းကို ကာကွယ်ရန်၊ အသံသာ၊ အဆင်းလှစေရန်၊ ဓာတ်ချုပ်မှုကိုကာကွယ်၍ ဓာတ်ပျော့ရန် ဆီးဖြူသီးခြောက်မှုန့်ကို ရေချိုးပြီး ကိုယ်တိုက်ပေးပါ။

ကြို့ထိုးရောဂါအတွက် ဆီးဖြူသီးကို ကြိတ်ပြီး အရည်ညှစ်ကာ ပိတ်ချင်းမှုန့်၊ ပျားရည်တို့နှင့် ရောစားပေးပါ။ အသက်ရှုပွန်ချောင်းနာကျင်ခြင်းပါ ပျောက်ကင်းစေသည်။

ဝမ်းချုပ်၊ နှလုံးတုန်၊ အစာမကြေ၊ သည်းခြေရောဂါများအတွက် ဆီးဖြူသီးကို ၁၂ နာရီခန့် ရေစိမ်ပါ။ ရေသွန်ပြီး ရေထပ်ထည့်၍ သုံးနာရီခန့် ပြုတ်ပါ။ ထို့နောက် အစေ့ထုတ်၍ သကြား သုံးဆထည့်ကာ ယိုထိုးစားပေးပါ။

ဆီးအောင့်ရောဂါများအတွက် ဆီးဖြူသီးကြိတ်ရည်ကို ဖာလာမှုန့်နှင့် ရော၍ သောက်ပေးပါ။

ဆီးလွန်ရောဂါအတွက် ဆီးဖြူသီးကြိတ်ရည်၊ ငှက်ပျောသီးမှည့်၊ ပျားရည်၊ သကြားတို့ကို ရောပြီး လျက်ပေးပါ။

ဝမ်းကိုက်ခြင်း၊ ဝမ်းသက်ခြင်း၊ သွေးလျှံ၊ သွေးအန်၊ သွေးကျရောဂါဖြစ်ခြင်းအတွက် ဆီးဖြူသီးခြောက်ကို ပြုတ်ပြီး သကြားနှင့် သောက်ပေးပါ။



**ပင်စိမ်း**

ပင်စိမ်းရွက်ကို နေ့တိုင်းစားပေးခြင်းဖြင့် အူလမ်းကြောင်း၊ ဝမ်းဗိုက်နှင့် ပါးစပ်တွင် ဖြစ်တတ်သော ရောဂါများ ကင်းဝေးပြီး အစာခြေစနစ်ကို ကောင်းမွန်စေပါသည်။

ပင်စိမ်းအရွက်ကို ရေထဲတွင်စိမ်ပြီး နေ့စဉ်သောက်ပေးပါက ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးသည်။

ပင်စိမ်းအရွက်ကို ပထမရက် ရေချိုးမည့်ရေတွင် စိမ်ထားပြီး နောက်နေ့ ရေချိုးပါက ချွေးနံ့မထွက်အောင် ကာကွယ်ပေးသည်။

ပင်စိမ်းအရွက်ကို သံပရာရည်နှင့်ရော၍ ကြိတ်ပြီး အရေပြားပေါ်တွင် လိမ်းပေးပါက အရေပြားရောဂါများဖြစ်သော ဝဲ၊ နှင်းခူနှင့် ယားနာများ ပျောက်ကင်းသည်။

ပင်စိမ်းအစေ့ကိုကြိတ်ပြီး စားပေးလျှင် ဆီးနှင့်ပတ်သက်သော ရောဂါများ ပျောက်ကင်းသည်။

ပင်စိမ်းသတ္တုရည်ကို သံပရာရည်နှင့်ရောပြီး တစ်ပတ်တစ်ကြိမ် ခေါင်းလျှော်ပေးပါက သန်း၊ ဗောက်များ ကင်းဝေးသည်။

သန့်ရှင်းသော မြေအိုးရေထဲတွင် ပင်စိမ်းအရွက်ကိုထည့်၍ နေ့တိုင်းသောက်ပါက ရောဂါများ ကင်းဝေးသည်။

ပြတ်ရာ၊ ရှရာများကို ပင်စိမ်းအရွက်ရည်ထည့်ပေးပါက လျင်မြန်စွာ ပျောက်ကင်းသည်။

အိမ်တွင် ပင်စိမ်းအရွက်များထားခြင်း (သို့မဟုတ်)အိမ်ပတ်ပတ်လည်တွင် စိုက်ထားလျှင် ခြင်၊ ယင်၊ ပိုးကောင်၊ မြွေများလာခြင်းမှ ကင်းဝေးသည်။

ပင်စိမ်းပင်သည် တစ်ရက်တွင် နာရီပေါင်း ၂၀ အောက်ဆီဂျင် ထုတ်လွှတ်ပေးသောကြောင့် အိမ်တွင်စိုက်ရန် အကောင်းဆုံးအပင်တစ်ပင်ဖြစ်ပါသည်။



**ဆင်ငိုမြက်**

ဆင်ငိုမြက်အရွက်များတွင် ဆီလီကွန်မိုနောက်ဆိုဒ်၊ ကယ်လ်စီယမ်အောက်ဆိုဒ်နှင့် ကလိုရင်းတို့ ပါဝင်သည်။

ဆင်ငိုအမြစ်ကို ပြုတ်သောက်ခြင်းဖြင့် ရောဂါများစွာကို ပျောက်ကင်းစေပါတယ်။

ဆင်ငိုပင်၏ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိကြောင့် ခန္ဓာကိုယ်ထဲမှာ ကင်ဆာဆဲလ်တွေကြီးထွားနိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

သားအိမ်အရည်အိတ် တည်သူများသည် ဆင်ငိုမြက် လက်ဖက်ရည်ကို နေ့စဉ်သောက်သုံးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။

ဆင်ငိုမြက်သည် လူ့ခန္ဓာကိုယ်အတွင်း ရေပမာဏကို တိုးစေပြီး ဆီးအဖြစ် ဆားကိုဖယ်ရှားပေးသည့် သဘာဝဆီးဆေးတစ်မျိုးဖြစ်သည်။

ဆင်ငိုမြက်ကို ထုထောင်း၍ အုန်းသီးနှင့် ရော၍အပူပေးပြီး အဆစ်အမြစ်နာကျင်ကိုက်ခဲသော နေရာများကို လိမ်းပေးပါ။

ဆင်ငိုမြက်ကို အခြောက်ခံပြီး ရေနွေးနှင့် နေ့စဉ်သောက်လျှင် ဆီးချိုရောဂါပျောက်ကင်းစေပါတယ်။

ဒဏ်ရာရလျှင် ဆင်ငိုမြက်ကို ကြိတ်ချေပြီး အရည်ညှစ်၍ အနာပေါ်သို့ လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ဆင်ငိုမြက်သည် အစာအိမ်မှ သန်ကောင်များနှင့် ကပ်ပါးကောင်များကို ဖယ်ရှားပေးနိုင်သော ဝမ်းနုတ်ဆေးဖြစ်ပါသည်။

ဆင်ငိုမြက်အရွက်ပြုတ်ရည်ကို သောက်ပေးပါက သွေးတိုးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

ခန္ဓာကိုယ်တွင်းမှ အပူများကို လျှော့ချရန်အတွက် ဆင်ငိုမြက်အမြစ်ပြုတ်ရည်ကို သောက်ပေးပါ။

ဆင်ငိုမြက်ကို နုပ်နုပ်စဉ်း၍ ညောင်းညာကိုက်ခဲသောနေရာများကို အုံပေးပါက ပျောက်ကင်းစေပါတယ်။

သွေးဝမ်းသွားလျှင် ဆင်ငိုမြက်၏အမြစ်ပြုတ်ရည်ကို သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား – Tik Tok

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပ

**ကလော ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၉ နာရီခွဲက ကလောမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် ကလောမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြား၍ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်အာကာထွန်းက လူငယ်များ အသိပညာဗဟုသုတများ တိုးပွားရရှိနိုင်



စေရန်နှင့် အသိပညာများ မျှဝေပေးနိုင်စေရန်၊ လူငယ်များ စကားပြောအတတ်ပညာကျွမ်းကျင်စွာ တတ်မြောက်ကြပြီး လူအများရှေ့တွင် ရဲဝံ့စွာ စကားပြောဆိုတတ်စေရန်နှင့် လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာများ ဆွေးနွေးတိုင်ပင်ရာမှ အတွေ့အကြုံကောင်းများစွာ ရရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ပြီး အဆိုပါကျောင်းမှ Grade-10 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ရာ ကလောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးနိုင်လင်းထွန်းနှင့် ပါဝင်ဆွေးနွေးသူများက အသီးသီးပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး ပိုင်းဝန်းကူညီစောင့်ရှောက်ပေး အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင် ပြသ

**ကျွန်းလှ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၉ နာရီက ဗိတောက်မြိုင်ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်များ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားခိုင်းစေမှုဖြင့် ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၀)**





## စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးအရာရှိ ဒေါ်သင်းသင်းမြတ်က ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူငါးဦးက ဂုဏ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ရေးသားပြုစုသည့် "စာတတ်ခြင်း၏ အကျိုး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပုံပြင်ပြောပြိုင်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

## တောင်သမန် အလွမ်း

* မယ်ဇယ်ပင်တန်း နှစ်ရာကျော် သက်တမ်းနဲ့
ခမ်းနားလွန်းတဲ့အလှ မယ်ဇယ်ပင်များရဲ့
ကြီးမားကြံ့ခိုင် အမွေးလှိုင်လှိုင်နဲ့
မြိုင်မြိုင်ကြီး စိမ်းလန်း လက်ကမ်းကြိုနေဟန် စီတန်း
ကြည့်မြင်သူရင်ထဲ အမြဲစိမ်းလန်းအေးချမ်း ။

* ဦးပိန်တံတားရဲ့ ကမ္ဘာကျော်အလှတရားက
မြန်မာ့ကျွန်းသစ်များနဲ့ တည်ဆောက်ထား
ကမ္ဘာ့အရှည်လျားဆုံး သစ်သားတံတားကြီးက
မြန်မာပညာရှိ မြန်မာ့ရိုးရာဗိသုကာများ ဂုဏ်အင်
စုံလင်အောင် ပြောပြနေ ။

* တောင်သမန် ရေပြင်ထဲက
အခြေခံလူတန်းစား ငှက်ခတ်သမားများရဲ့
ရောင်စုံဆေးခြယ် ငှက်လှေငယ်များ
ရေလုပ်သားများရဲ့ ငါးဖမ်းလှေများ
တရွေ့ရွေ့မျောလွင့် စိတ်ကူးယဉ်ချင့်စဖွယ်
ဦးပိန်ရဲ့ အလှတရားကို အင်အားဖြည့်နေပေါ့ ။

* ဦးပိန်တံတားနဲ့ တောင်သမန်အလှကို ပန်းချီဆွဲ
ကိုယ့်ရင်ထဲမှာ ကြေကွဲခြင်းနဲ့
ကြည်နူးခြင်းတွေ ရောယှက်
ကိုယ့်ရဲ့ ပန်းချီဆေးစက်တွေမှာ
မောင်ဖေငယ်ရဲ့ ဆေးစက်တွေများ
ရောယှက်နေသလားလေ ။
တောင်သမန်နယ်စား မောင်ဖေငယ်နဲ့
ဒိုင်းခင်ခင်တို့ရဲ့ လွမ်းမောဖွယ် ချစ်ပုံပြင်ထဲ
ရင်နင့်အောင်ပဲ မျက်ရည်ဝဲခဲ့ ။
တောင်သမန်မှာ နေဝင်သွားပေမယ့်
မောင်ဖေငယ်ရဲ့ အချစ်တွေဟာ
နေမဝင် မေတ္တာတွေအဖြစ်
သမိုင်းတွင်ရစ်ခဲ့ပြီပဲ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**



# စလင်းဝိဘဇ္ဇဝါဒီကျောင်းတွင် ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲဖြေဆို



**မန္တလေး ဩဂုတ် ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ မဟာဓေယျာဘုံရပ်ကွက် စလင်းဝိဘဇ္ဇဝါဒီကျောင်း ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ကစ္စည်းသဒ္ဒါကျမ်းသည် စနစ်တကျသင်ယူခဲ့သော စာချတန်းနားလည်ရန်နှင့် ပါဠိစာပေကျွမ်းကျင်စွာ သင်ယူတတ်မြောက်နိုင်ရန်အတွက် အကောင်းဆုံးကျမ်းတစ်စောင်ဖြစ်သည်ကို အတွေ့အကြုံအရ သိရတယ်။ သကျသီဟ(ခေါ်)ပရိယတ္တိသာသနဟိတ စာမေးပွဲ စာသင်တန်းအောင်ပြီး စာချတန်းစာများ လေ့လာသောအခါ၌ အခြေခံနည်း၍ ခက်ခက်ခဲခဲလုပ်ခဲ့ရသော်လည်း အနည်းငယ်သော သဒ္ဒါအခြေခံကြောင့် တဖြည်းဖြည်း စာချတန်းများကို နားလည်သဘောပေါက်လာတယ်၊ နားလည်လာတဲ့အခါ မြန်မာပြည်အရပ်ရပ်၌ စာသင်တိုက်တော်တော်များများ စာချတန်းနားလည်နိုင်စွမ်းရှိအောင် သဒ္ဒါအခြေခံခိုင်ခိုင်ခံ့ခံ့လုပ်မပေးနိုင်သည်ကို သိမြင်လာ၍ သိသည်နှင့်အမျှ မိမိတပည့်များကို သဒ္ဒါအခြေခံခိုင်ခံ့ရေး အမြဲသတိထားကြိုးပမ်းလာတယ်။ ဒါကြောင့် ယခုခေတ်စာသင်သားများ စာချတန်းများ လွယ်လွယ်ကူကူ နားလည်နိုင်စေရန်၊ ပါဠိစာပေကို ပညာရှင်အနေဖြင့် တတ်မြောက်နိုင်စေရန်၊ ကစ္စည်းသဒ္ဒါကျမ်း မပျောက်ကွယ်ရန် ရည်သန်၍ "ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေး စာမေးပွဲ"ကို ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ အဆင့်ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက် အကြိမ်များစွာ ဖြေဆိုခွင့်ပြုထားပြီး ပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ် ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့် အောင်မြင်ပါက "ကစ္စာယနဝေယျာကရဏိက ပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်သွားမည်ဖြစ်သည်။

၁၃၈၇ခုနှစ်၊ ဝါခေါင်လပြည့်နေ့ နံနက် ၇ နာရီက ကျင်းပသောစာမေးပွဲ၌ ပထမဆင့် ၄၉ ပါး၊ ဒုတိယဆင့် ၂၂ ပါး၊ တတိယဆင့် ရှစ်ပါး၊ အကြိုတန်း လေးပါး၊ အကြိုအစ ၃၅ ပါး၊ စုစုပေါင်း ၁၁၈ ပါးတို့က မဟာမင်းထင်ကျောင်းတိုက်၊ မြတောင်ကျောင်း၊ ဖျင်ဇဉ်းကျောင်း (မိတ္ထီလာ)၊ စိတ္တသုခကျောင်း၊ ဇမ္ဗူသီရိသီလရှင်ကျောင်း၊ ကထိန်တော်ကျောင်းတိုက်၊ မိန္ဒာသီလရှင်ကျောင်းတိုက်နှင့် စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက်တို့မှ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

(အပေါ်ပုံ)

မန္တလေးနေ့စဉ်(၃)



# မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၈**

မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဝါတွင်းဥပုသ်သီတင်းသီလပွဲကို ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) နံနက် ၈ နာရီက မန္တလေးတက္ကသိုလ်ဝင်းအတွင်း ညောင်ပင်ဝိုင်း၊ စီးတော်မြင်းဝန်သိမ်ဘုရားတွင် ကျင်းပသည်။

အဆိုပါ မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန မိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဝါတွင်းဥပုသ်သီတင်းသီလပွဲတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒက သီလတရားများ ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဒါယကာ၊ ဒါယိကာမများက ဩကာသ ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ခဲ့ကြပြီး သီလခံယူဆောက်တည်ခဲ့ကြသည်။ ဆက်လက်၍ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများက ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေများနှင့် အခြံအရံ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်ခဲ့သည်။ နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒ ချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုခဲ့ကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀

# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဩဂုတ် ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏(၃၁) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၉၀၀၀၀ နှင့် သင်္ကန်းဒွိစုံ ကိုးစုံတို့အား စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစုများ၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင် + ဒေါ်နန်းနီနီဝင်း မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီး ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ (ဦးစံသာ)+(ဒေါ်အုန်း)တို့အား ရည်စူး၍ သားသမီးမြေးတစ်စု၊ Golden Key Cafe မိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးမိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။

(အပေါ်ဝဲပုံ)

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

# မွေးနေ့အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး ဩဂုတ် ၈**

နိုင်ငံတော်သံဃနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ကေသဝ (ဓမ္မာစရိယ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင်ဖေ+ဒေါ်ဝါဝါမိသားစုက ဒေါ်ဝါဝါ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် တစ်သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း ငွေကျပ် ၂၁ သိန်း ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မအလှူငွေများကို တစ်ပါးချင်းစီအား ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(ဝဲပုံ)

PNT



မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ ၆၂(ဘီ)လမ်း၊ ၂၃လမ်းနှင့်၂၄လမ်းကြားနေ ဦးဝင်းမြင့်+ဒေါ်စိန်စိန် မိသားစုက မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်အတွက် ယမန်နေ့က အလှူငွေကျပ် သိန်း ၃၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။(ကဆ)

**မီးမရှို့၊ မြေမမြှုပ်၊ စက္ကူတွေကို ဒါနလုပ် ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က) ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၁၇၅)၊ အကျယ် ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်ဝင်း အမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ဆုံးအခြမ်း အကျယ် (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ညီညီ ထွန်း(ဘ)ဦးသာထွန်းမြင့်(၅/ကဘလ(နိုင်)၁၆၅၀၅၅)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ် သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမှုရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ဖြူဖြူဝင်း အမည်ပေါက် ဂရန်မြေ ကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးကျော်ထူး(၉/ပကခ(နိုင်)၀၁၅၁၈၈)ထံမှ ကျွန်တော် ဦးအောင်တင်ဝင်းက ဝယ်ယူ ရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမှုရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်တင်ဝင်း(ဘ)ဦးမှတ်တင်**
**(၈/ရစက(နိုင်)၁၅၃၆၃၂)**
**ရွှေကျောင်းကျေးရွာ၊ အမှတ်(၃)နယ်မြေ၊ ပြင်ဦးလွင်မြို့။**
**09-797956568, 09-2030166**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ဘူးကုန်း၊ ကွင်းအမှတ်(၄၉၄)အတွင်းရှိ အရှေ့ လားသော်-လမ်း၊ အနောက်လားသော်(C-8)၊ မြောက်လားသော်-လမ်း၊ တောင်လားသော်-(C-7)စသည့် နယ်လေးရပ် အတွင်းရှိ မြေကွက်အမှတ်(C-6)၊ ပေ (၃၀×၄၀) မြေကွက်နှင့် မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်ဒိုင်နာစိန်ဝင်း(ဘ)ဦးစိန်ဝင်း(၉/ခအဇ(နိုင်)၀၀၆၆၃၄) ကိုင်ဆောင် သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။

ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးဒီကရီများ၊ အထောက်အထားမှုရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိ ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက် ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကိုမြတ်(LL.B) ဒေါ်သီတာအေး(LL.B)**
**(စဉ်–၉၂၆၅) (စဉ်–၉၆၀၉)**
**တရားလွှတ်တော်ရှေ့နေများ**
**၈၁လမ်းနှင့် ၁၃လမ်းထောင့်၊ အကွက်(၅၂)၊ ပြည်လုံးချမ်းသာရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၇၉၅၃၉၃၉၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၃)၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော် ကျားဟွမ်(ဘ)ဦးကျော်ရှင်ချမ်း(၁၃/လရန(နိုင်)၂၃၇၅၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ က အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်းမှုရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁) ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမြင့်ဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိအိထွေး(ဘ)ဦးအုန်းမောင်(၉/မနတ(နိုင်)၀၉၉၀၈၅) [၄င်း၏ကိုယ်စား ခင်ပွန်းဖြစ်သူ ဦးဇော်မြင့်(ဘ)ဦးရွှေ၃(၉/မခန(နိုင်)၁၆၅၄၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၁၄၉၆) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည် ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြအေး(ဘ)ဦးမောင်လှ(၉/မရမ(နိုင်)၀၇၁၅၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဝေဖြိုးသူ(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာခန့်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ကောင်းစုဝမ်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄၉၇/ ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၆၈၁)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ ဦးစိုးလှိုင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက် ခြမ်းဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဆန်းယွန်းချစ်(ဘ)ဦးချစ်နိုင် (၉/ပသက(နိုင်)၁၇၁၃၁၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မှုရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်စာလီ(LL.B)(Q) ဒေါ်လှဲ့သန္တာအောင်(LL.B) ဒေါ်စင်မာသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**'ကျော်'ဥပဒေအကျိုးဆောင်အဖွဲ့**
**ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၄၃၂၂၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ် (စ/၄၉၇)၊ ဦးပိုင်အမှတ်(စ/၂၆၆)၊ ဧရိယာပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဗိုလ်မှူး လှမြင့်ထူး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက် ခြမ်းဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မျိုးမျိုး(ဘ)ဦးခင်မောင်ဌေး (၉/ခအဇ(နိုင်)၀၁၇၁၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မှုရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်စာလီ(LL.B)(Q) ဒေါ်လှဲ့သန္တာအောင်(LL.B) ဒေါ်စင်မာသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**'ကျော်'ဥပဒေအကျိုးဆောင်အဖွဲ့**
**ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၄၃၂၂၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၅)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်လှဝင်း(ဘ)ဦးကျော်အေး(၁၃/ရငန(နိုင်)၀၃၀၅၃၄) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ကြပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှဝင်း(ဘ)ဦးကျော်အေး(၁၃/ရငန(နိုင်)၀၃၀၅၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ B.A (Hist), H.G.P**

**အထက်တန်းရှေ့နေ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၂)၊ ဦးပိုင်အမှတ်(၂၇)၊ဧရိယာ(၀ ဒသမ ၁၁)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြလေးခိုင်(ဘ)ဦးသန်းညွန့်(၁၃/သထန(နိုင်)၁၈၁၁၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဦးလှဘုန်း** (LL.B)

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇+၈)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၀ ဒသမ ၁၃၀၉)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအောင်မြင့်(ဘ)ဦးသန်းမောင်(MDYNE-၀၂၀၈၉၂) အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အတွင်းမှ အရှေ့မြောက်ထောင့်အခြမ်း(၃၃×၄၀)ပေအကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ၊ (ရေ+မီး)၊ အဝင်လမ်းမြေ(၃½×၄၈)ပေ အပါအဝင် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်မိုးအောင်(ဘ)ဦးတင်ကြည်(၉/မရမ(နိုင်)၀၇၆၁၀၆)နှင့် ဒေါ်သီတာ(ခ)ဒေါ်မာကြည်(ဘ)ဦးသိန်းမောင်(၈/ရစက(နိုင်)၀၁၇၈၀၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ B.A (Hist), H.G.P**

**အထက်တန်းရှေ့နေ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာပေ (၃၀× ၄၀) အကျယ်အဝန်းရှိ ဦးငွေအောင်ကျော် အမည်ဖြင့် ချထားရရှိသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ထရံကာ၊ သွပ်မိုး(၂)ထပ်အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)၊ပေါက်ရောက်သစ်ပင်အပါအဝင်၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးသန်းလွင်(ဘ)ဦးကျော်သောင်း(၅/ခဥန(နိုင်)၀၇၀၃၆၆)၊ ဒေါ်မို့မို့(ဘ)ဦးအုန်းမောင်(၉/မရတ(နိုင်)၀၃၀၁၇၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်မိုးမိုးအေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၈၄၀)၊ ချမ်း/မြောက်ရပ်ကွက်၊ ၄၂လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၄၀၆၀၉၊ ၀၉-၉၇၅၅၅၂၃၃၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်နံပါတ် (၁၇-ခ/၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၀၆၈)ဧက အကျယ်အဝန်းရှိ ဦးစန်းထွန်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်လွှန်အောင်မှူး(ဘ)ဦးအောင်မှူး(၉/မရမ(နိုင်)၀၂၂၅၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| ဒေါ်အေးစုထွန်း(LL.B , LL.M , DBL) | ဒေါ်မာမာငွေ(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၄)၊ ဦးပိုင်နံပါတ်(၂၆-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးသန်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ အနောက်ဘက်ခြမ်း (၁၀ပေ×ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့အေး(ဘ)ဦးသောင်းရွှေ(၁/မညန(နိုင်)၀၀၈၆၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်နံပါတ် (၆၁-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးညွန့်မောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးဝင်းထွန်း(ဘ)ဦးထွန်းမြိုင်(၉/ခမစ(နိုင်)၀၇၇၇၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| ဒေါ်အေးစုထွန်း(LL.B , LL.M , DBL) | ဒေါ်မာမာငွေ(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်နံပါတ်(၅၉-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ ဒေါ်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း(ဘ)ဦးမောင်ဆိုင်(၅/ကဘလ(နိုင်)၁၄၂၈၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို...
❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လို...
❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၈

(၁၃) ကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီး ဘောလုံးလက်ရွေးစင်အသင်းနှင့် တီမောလက်စ်တေ အမျိုးသမီး ဘောလုံးလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## အာရှဖလား ခြေစစ်ပွဲ ယူ - ၂၀ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု (D) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၈

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ - ၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု (D) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယဘောလုံးအသင်းတို့သည် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Parliament Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မိုးရွာသွန်းနိုင်


**မန္တလေး ဩဂုတ် ၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုး/ဇလမှ ခန့်မှန်းထားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ (ဩဂုတ် ၇ ရက်) ည၇နာရီက အထူးမိုးလေဝသထုတ်ပြန်ချက်ဖြင့် အသိပေးထုတ်ပြန်ထားသည်။

"ဘင်္ဂလားပင်လယ်အော် အတွင်းမှာ ထူးခြားမိုးလေဝသ အခြေအနေဖြစ်ပေါ်လာတာကြောင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အလယ်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်မှာ အနောက်တောင်မုတ်သုံလေ အားကောင်းလာမယ်။ ဒီအခြေအနေတွေကြောင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် ဒေသအတော်များများမှာ မိုးရွာနိုင်သလို နေရာကွက်ပြီး မိုးကြီးနိုင်တယ်။ ခန့်မှန်းရရင် မိုးရေချိန်က ၂၄ နာရီ အတွင်း ၁ ဒသမ ၂ လက်မကနေ ၂ လက်မအထက် ရွာနိုင်တယ်"ဟု မိုး/ဇလ သုတေသီတစ်ဦးက ပြောသည်။

ထုတ်ပြန်ချက်အရ ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကာ ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု သိရသည်။




"ဩဂုတ် ၁၂ ရက် ဝန်းကျင်မှာ ပစိဖိတ်သမုဒ္ဒရာ၊ ဂွမ်ကျွန်းမြောက်ဘက် ပင်လယ်ပြင်မှာ ဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်း(16 W- Sixteen)က အနောက်ဘက်ကို ဆက်လက်ရွေ့လျားရင်း အားပိုကောင်းလာကာ တိုင်ဖွန်းမုန်တိုင်းဖြစ်လာနိုင်ခြေရှိပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်ပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့် ၉ ပေမှ ၁၁ ပေ ခန့်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၉)



## မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ

**ရန်ကုန် ဩဂုတ် ၈**

၂၀၂၆ အေအက်ဖ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)ဒုတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းကြီးတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ယဉ်လွှန်းအိမ်၊ ပွဲချိန် ၅၂မိနစ်တွင် နိုင်နိုင်ဝင်းတို့က သွင်းယူပေးခဲ့ပြီး အင်ဒိုနီးရှားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၆၈မိနစ်တွင် ဟာန်ဒါရာနီ၊ ပွဲချိန် ၇၃မိနစ်တွင် ကယ်လာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အေအက်ဖ်စီအာရှ ဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စု -ဃ) ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိခဲ့ခြင်းကြောင့် ခြေစစ်ပွဲအောင်မြင်ရေးအတွက် နောက်ဆုံးပွဲတွင် ရန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အေအက်ဖ်စီအာရှ ဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ) နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၀ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

NGB

၀-၀-၀-၀